# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၂) ရက် ၊ သောကြာနေ့ ၊ (17-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီ ၂၀ ကို လိုင်စင်ရုပ်သိမ်း**

စာမျက်နှာ - ၁၉

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၁၇

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်များ ဆက်လက်ဖြေဆို



၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့တွင် ပထဝီဝင်ဘာသာရပ်ကို အေးချမ်းစွာဖြေဆိုပြီးနောက် ပြန်လည်ထွက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် သတ္တမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

## လျှပ်စစ်သုံးယာဉ် Battery Electric Vehicles(BEVs)များကို ကနဦးမှတ်ပုံတင်ဆောင်ရွက်ရန် အသိပေးကြေညာ

➢ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လျှပ်စစ်သုံးယာဉ် **Battery Electric Vehicles (BEVs)** များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးမှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ လျှပ်စစ်သုံးယာဉ်**(BEVs)**များ ကနဦးမှတ်ပုံတင်ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်းမှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသော မော်တော်ယာဉ်များကိုသာ ရန်ကုန်လိုင်စင်ထုတ်ပေးရန် ညွှန်ကြားချက်အတိုင်း ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် မှတ်ပုံတင်ဆောင်ရွက်လိုသော လျှပ်စစ်သုံးယာဉ်များအတွက် ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံစလစ် (ပုံစံ- ဃ) လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**


ASEAN TOURISM AWARDS(2022)၏ ASEAN MICE Venue Standardတွင် Exhibition Venue Awardရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၄၀၃၀၄၃၃၊ ၀၂-၄၀၃၀၄၃၉

ရတနာပုံ
၂၀၁၃ ခုနှစ် မတ် ၁၇ ရက်
အယ်ဒီတာ့အာဘော်

# တောင်သူလယ်သမားများအခွင့်အရေးနှင့် နိုင်ငံ့အကျိုးစီးပွား

နိုင်ငံ၏ အကျိုးစီးပွားကို ဖော်ဆောင်ကြရာတွင် အလုပ်သမား၊ တောင်သူလယ်သမားများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ ဟန်ချက်ညီသော ပေါင်းစပ်ဆောင်ရွက်မှုတို့က အခရာကျပြီး ၎င်းတို့အနက်မှ တောင်သူလယ်သမားများမှာ မြေကြီးကိုအရင်းအနှီးပြုလျက် ထွန်ယက်စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဖော်ဆောင်လျက်ရှိရာတွင် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍမှာ ဂရုပြုဖွယ်ဖြစ်လာပြီး ၎င်းတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရန်အတွက် ဆောင်ရွက်လာကြောင်း တွေ့ရသည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၁၃)ကို မတ်လ ၁၄ ရက်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်မှာ နိုင်ငံအကျိုးစီးပွားအတွက် စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုမည်ဖြစ်သလို မြေကြီးကို အရင်းအနှီးပြုသူ တောင်သူလယ်သမားများအတွက်လည်း သတင်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

**"တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဦးဆောင်၍ အဖွဲ့ဝင် ၃၉ ဦးဖြင့် ဖြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊"** တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၁၃)တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြေကိုနှုး၍ ကောက်ပဲသီးနှံတို့ ဖူးပွင့်ဝေဆာအောင် အစဉ်တစိုက် စွမ်းဆောင်ခဲ့ကြသည့် တောင်သူလယ်သမားများအခွင့်အရေးအတွက် ယခုကဲ့သို့ စီမံဆောင်ရွက်လာသည်မှာ လူမှုစီးပွားဘဝတစ်ခုလုံးအတွက်လည်း ကောင်းမွန်သော အလားအလာများကို မျှော်မှန်းနိုင်မည်ဖြစ်သည်။

ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် နေကြာသီးနှံဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးနိုင်ရန် နိုင်ငံတော်မှ ကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံထုတ်ချေးပေးခဲ့သည်ကို တွေ့ရသလို ဝါသီးနှံ တစ်ဧက အထွက်နှုန်းတိုးရန်နှင့် စိုက်ဧကတိုးချဲ့နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့နည်းတူစွာပင် ပဲတီစိမ်းနှင့် နွေစပါးစိုက်ဧကများအတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် လျာထားဆောင်ရွက်နေကြောင်း တွေ့ရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ပါက သင့်တင့်သောထောက်ပံ့ငွေများ ပံ့ပိုးကူညီနိုင်ရန်အတွက်လည်း စီစဉ်ထားရှိသည်မှာ တောင်သူလယ်သမားများအတွက် အာမခံချက်တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အကျိုးစီးပွားနှင့် ဒွန်တွဲလျက်ရှိသည့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်ကို ဇွဲလုံ့လသန်စွာဆောင်ရွက်ခြင်းဖြင့် မြေကြီးမှ ရွှေသီးမည်ဖြစ်သလို စားရေရိက္ခာဖူလုံကြွယ်ဝကာ တိုင်းပြည်သာယာဝပြောရေးကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် လမ်း ၈၀ နှင့် ၁၂ လမ်းတစ်လျှောက်၌ ရေစုပ်စက်ဖြင့်ရေကစားမည့်သူများကို ခွင့်ပြုနေရာချထားပေးမည်

**မန္တလေး မတ် ၁၆**

ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ ကျုံးအနောက်ဘက်လမ်း ၈၀ တစ်လျှောက်နှင့် ကျုံးမြောက်ဘက် ၁၂ လမ်းတစ်လျှောက်၌ ရေစုပ်စက်ဖြင့် ရေကစားမည့်သူများကို ခွင့်ပြုနေရာချထားပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

လာမည့်ဧပြီလတွင် သင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့၊ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့နှင့် ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ဖြစ်ကြောင်း၊ ၎င်းသင်္ကြန်ပွဲတော်ကာလအတွင်း ကျုံးအနောက်ဘက် လမ်း ၈၀ တစ်လျှောက် ၂၆ လမ်းနှင့် ၁၂ လမ်းကြား၊ ကျုံးမြောက်ဘက် ၁၂ လမ်းတစ်လျှောက် လမ်း ၈၀ နှင့် ၆၆လမ်းကြားတွင် ကျုံးအတွင်းမှရေကို ရေစုပ်စက်ဖြင့် စုပ်ယူ၍ ရေကစားကြမည့်သူများကို ခွင့်ပြုနေရာချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် သင်္ကြန်ရက်တွေမှာ ကျုံးဘေးလမ်း ၈၀ နဲ့ ၁၂ လမ်းတစ်လျှောက်မှာ ကျုံးအတွင်းကရေကို ရေစုပ်စက်အသုံးပြုပြီး ရေကစားချင်တဲ့ သူတွေအနေနဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကို မတ် ၁၃ ရက်ကနေ ဧပြီ ၁၀ ရက်ထိ လာရောက်လျှောက်ထားလို့ရပါပြီ။ ရေစုပ်စက်နဲ့ ရေကစားရင်လဲ စည်းကမ်းချက်တွေတော့ရှိပါတယ်။ ရေပက်မယ်ဆိုရင် ရေပိုက်ခေါင်းကို နှစ်လက်မထိပဲ ခွင့်ပြုပေးသွားမှာပါ။ သတ်မှတ်စည်းကမ်းချက်တွေနဲ့အညီ ရေကစားကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းက ပြောပြ၍ သိရသည်။

(၁၈၄)

# ဧရာဝတီမြစ်အတွင်း ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၃ ကောင် ပြောင်းရွှေ့ကျက်စားနေ



**မန္တလေး မတ် ၁၆**

ဧရာဝတီမြစ်အတွင်း ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် မတ် ၁၅ ရက်မှစ၍ ဧရာဝတီလင်းပိုင် ၁၃ ကောင် ပြောင်းရွှေ့ကျက်စားနေကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇုန်ဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားနေသည့် ဧရာဝတီလင်းပိုင်များ၏ အခြေအနေကို လစဉ် တစ်လလျှင် နှစ်ကြိမ် သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများပြုလုပ်လျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များ သားပေါက်ဖွားမှုရှိ၊ မရှိနှင့် အသေအပျောက် ရှိ၊ မရှိကို မှတ်တမ်းတင်သွားရောက်ကြည့်ရှုရာ မတ် ၁၅ ရက် နံနက်ပိုင်းက အင်ဒေါင်းကျေးရွာအနီးတွင် လင်းပိုင်များ ကျက်စားနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇုန်ထဲကို ဧရာဝတီလင်းပိုင်တွေရဲ့အခြေအနေတွေကို မတ်လ ၁၅ ရက်က သွားပြီးကြည့်ဖြစ်တယ်။ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၃ ကောင်လောက် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားတွေကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇုန်ဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများအတွင်း နေထိုင်သည့် ရေလုပ်သားများအနေဖြင့် ဧရာဝတီလင်းပိုင်သားပေါက်များကို တွေ့ရှိပါကလည်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မတ် ၁၆**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ် ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်း ခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ် အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ဆိုင်ကယ် တစ်ပတ်ရစ်ဈေးကွက်၌ အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများရှိနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့်ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

မန္တလေးကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ်(ခွေးဘီလူး) ကားများ ယခုတစ်ပတ် အရောင်းအဝယ်အေးသွားကာ နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ် သိန်း ၂၀ မှ သိန်း ၃၀ ခန့်ထိ ဈေးနှုန်းမြင့်တက်ရောင်းချလျက်ရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

၆၆၀ စီစီ ပစ်ကပ်မီနီထရပ် (ခွေးဘီလူး)ကားများအနက် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀ ခန့်၊ Auto ငွေကျပ် ၁၄၅ သိန်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda Insight၊ Nissan March၊ Mazda Demio ကားလေးများ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ်သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်တွင် ဈေးငြိမ်လျက်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ် သီးကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ရမည်းသင်းမြို့နယ် သီးကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်နိုင်ရန် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြေအောက်ရေတိုင်းတာရေးတာဝန်ခံဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ဆောင်ရွက်နိုင်ရေးအတွက် မြေအောက်ရေအောင်းလွှာတည်ရှိမည့်နေရာကို Geo-physical Survey ကို စစ်ဆေးတိုင်းတာပြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက စက်ရေတွင်းတူးဖော်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးကုန်းကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရေတွင်းတူးဖော်ရာတွင် လွယ်ကူလျင်မြန်စွာ တူးဖော်ပေးနိုင်ရေးအတွက် မြေအောက်ရေအောင်းလွှာတည်ရှိနိုင်မည့်နေရာကို သိရှိနိုင်ရန် Geophysical Survey တိုင်းတာမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး ၈၄လမ်း၊ ၄၄ လမ်း-၄၅ လမ်းကြားနေ ဒေါ်ဝင်းရီ မိသားစုက ဦးသိုက်စံ၊ မောင်ကျောက်ပန်း၊ မောင်ကျောက်ပွင့်၊ မောင်ကျောက်ဖူး၊ မနီလာစံတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀၀ လှူဒါန်းရာ စိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဒုတိယရုံးအဖွဲ့မှူး ဒေါ်အေးမျိုးသန့်နှင့် ရုံးအဖွဲ့တို့က လက်ခံရယူစဉ်။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည် ဦးရေ ၅၅၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့




**ကျိုက်ထို မတ် ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဦးရေ ၅၅၀၀၀ ကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးလှစိုးက ပြောပြ၍ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို တစ်နှစ်တာကာလပတ်လုံး ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး ဘုရားပွဲတော်ကာလမှာ သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိဖြစ်သည့်အတွက် ရှည်လျားသည့် ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုမှု များပြားကြောင်း သိရသည်။

"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ဇန်နဝါရီလအတွင်းမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်အယောက် ၃၇၀၀၀ လာရောက် ဖူးမြော်ကြည်ညိုခဲ့သလို ဖေဖော်ဝါရီလမှာလဲ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အယောက် ၁၈၀၀၀ ကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ လက်ရှိ မတ်လမှာတော့ နေ့စဉ် ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည် အယောက် ၁၅၀၀၀ လောက် လာရောက်ဖူးမြော်ကြည်ညိုနေပါတယ်။ပြည်ပခရီးသွားအများစုကတော့ ထိုင်းနိုင်ငံကဖြစ်ပါတယ်။ အခုမတ်လမှာတော့ နေ့စဉ် ပြည်ပခရီးသွားဧည့်သည်အယောက် ၂၀ လောက် လာရောက် ဖူးမြော်ကြည်ညိုကြပါတယ်" ဟု ဦးလှစိုးက ပြောပြသည်။

ယခင်နှစ် ပွင့်လင်းရာသီက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ အနယ်အနယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၄၅၀၀၀၀ ခန့် လာရောက်ခဲ့ပြီး ယခုနှစ် ပွင့်လင်းရာသီတွင်လည်း ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးအတွက် စီမံချက်များ ချမှတ် ဆောင်ရွက်ထားကြောင်း သိရသည်။

**ASH**

# မံစီမြို့နယ် မံသဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မံစီ မတ် ၁၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မံသဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မံသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မံစီမြို့နယ် မံသဲကျေးရွာတွင် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၂ ဒသမ ၄ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၄၉၇ သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးသဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာအသုံးပြုနိုင်တော့မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေး

**တံတားဦး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဇင်ရိုင်းကျေးရွာအုပ်စု ငါးဇင်ရိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့်စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ စီမံကိန်းရန်ပုံငွေကျပ် ၅၇၉ ဒသမ ၇ သိန်းကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်အဖြစ် ငါးဇင်ရိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦးကို ငွေကျပ် ၂၅၁ သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၁၅၄ ဦးကို ငွေကျပ် ၃၂၈ ဒသမ ၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၇၉ ဒသမ ၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကျေးတောရွာက ခါနွေဦး

\- တို့ကျေးတောရွာ
သာယာလို့ ထူးစွ၊
အခါနွေ ရာသီဆန်းတယ်
တင့်ရှန်းမှုချ။

\- ဥသြသံ ချိုမြမြ
လှယဉ်ကျူး ဂိမှာန်နွေ၊
လွမ်းမောဖွယ် ဂနိုင်ရန့်က
သင်းပျံ့လှိုင်နေ၊
ရွက်ဟောင်းတို့ တဖြုတ်ဖြုတ်ကြွေ
ရွက်သစ်ဝေ ချိန်ခါထူး၊
ပင်ယံအို ကိုင်းဖျားထက်မှာ
ကျေးငှက်ရယ်မြူး။

\- မြောက်လေရယ် ဆော်ကာဖြူး
ပွင့်ဖူးတဲ့ ပန်းမာလာ၊
လှသွေးကြွယ် ရောင်စုံပန်း
တင့်ဆန်းဝေဆာ၊
ပေါင်းသင်းရောင်းရင်း ညီညီညာ
လယ်တောယာ အတူသွား၊
ရေသွင်းချိန် ရာသီရောက်မို့
ဖြိုးမောက်ဝင့်ကြွား။

\- စိုက်ကြမည် နွေစပါးရယ်နှင့်
သီးနှံထွား မျိုးစုံလင်၊
ကြိုးစားကာ အံကိုခဲလို့
နွဲကြသည်ပင်၊
နွေအလှ ပေါ်ကာလွင်
ပတ်ဝန်းကျင် မြင်လေသမျှ၊
တောင်သူတွေ ပြုံးပျော်တေးရယ်ဖြင့်
ဆေးရေးခြယ်သ။ ။

**မင်းသူရိန်(သာကီနွယ်)**

## စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၅၀၂ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးစစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နွေစပါး ၂၅၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း နွေစပါး ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနှစ် နွေစပါးသီးနှံ ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးပြီး သဘာဝမြေဩဇာသုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၄၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)



## ပေါက်ခေါင်းမြို့နယ်၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ မြောက်လတ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ကျေးရွာတွင်း မီးလင်းရေးဖြစ်မြောက်မှုကော်မတီဝင်များနှင့်အတူ မြောက်လတ်ကြီးကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မြောက်လတ်ကြီးကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းပေ ၈၅၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၅ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

## ဆီဆိုင်မြို့နယ် ထီရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆီဆိုင် မတ် ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၅ ရက် နံနက်ပိုင်းက ထီရီးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၀၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ထီရီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၇ ဦးကို အဌမအကြိမ်မြောက် စီမံကိန်းရန်ပုံငွေ ကျပ် ၆၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ရိုင်**

# ဆီးရီးယား၌ စစ်စခန်းများထပ်ဖွင့်ရန် ရုရှားကအဆိုပြုခဲ့ပါက ကြိုဆိုကြောင်း သမ္မတအာဆတ် ပြောကြား



**မော်စကို မတ် ၁၆**

ဆီးရီးယားနိုင်ငံ၌ စစ်အခြေစိုက်စခန်းသစ်များ ထပ်ဖွင့်ရန်၊ အခြေစိုက် တပ်ဖွဲ့ဝင်အင်အား ထပ်တိုးရန် ရုရှားနိုင်ငံက အဆိုပြုလာခဲ့ပါက ယင်းအဆိုပြုချက်များကို မိမိကြိုဆိုလက်ခံမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတ အာဆတ်က မတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

မော်စကိုမြို့၌ ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံပြီးနောက် ရုရှားမီဒီယာများနှင့်တွေ့ဆုံစဉ်ဆီးရီးယားသမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့်ဆီးရီးယားနိုင်ငံ၌ စစ်ရေးအရ အမြဲတမ်းနေရာယူထားသင့်ကြောင်း ဆီးရီးယားသမ္မတက ရုရှားမီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဆီးရီးယား၌ စစ်အခြေစိုက်စခန်းသစ်များထားရှိရန် သို့မဟုတ် အခြေစိုက်တပ်ဖွဲ့ဝင်အင်အားထပ်တိုးရန် ရုရှားနိုင်ငံက အဆိုပြုလာပါက မိမိအနေဖြင့် ကြိုဆိုနေမည်ဖြစ်ကြောင်း ရုရှားမီဒီယာများနှင့်တွေ့ဆုံစဉ် ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်နှင့်ဆီးရီးယားသမ္မတ အာဆတ်တို့သည် မတ် ၁၅ ရက်တွင် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ်၌ ၂၀၁၅ ခုနှစ်တွင် စစ်ရေးအရ ကြားဝင်ခဲ့ရာ အစိုးရတပ်များ ပြန်လည်အရေးသာခဲ့ပြီး ဆီးရီးယား တစ်နိုင်ငံလုံးနီးပါးကို ပြန်လည်ထိန်းချုပ် နိုင်ခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေး

**တိုကျို မတ် ၁၆**

နှစ်နိုင်ငံအကြား အခဲမကျေမှုများကို ပြည်ဖုံးကားချရေးအတွက် ကြိုးပမ်းရန် တောင်ကိုရီးယားနှင့် ဂျပန်ခေါင်းဆောင်များက ယနေ့တွင် သဘောတူခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။


တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုးနှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယနေ့တွင် ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့ကြသည်။

ယနေ့ထိပ်သီးဆွေးနွေးပွဲတွင် တောင်ကိုရီးယားနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် လေးနှစ်နီးပါးကြာမြင့်နေပြီဖြစ်သော ကုန်သွယ်ရေးအငြင်းပွားမှုများကိုလည်း အဆုံးသတ်ရန် သဘောတူခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ရေး အစီအစဉ်ကိုလည်း ပြန်လည်စတင်ရန် တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့က သဘောတူခဲ့ကြသည်။

တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုး၏ ဂျပန်ခရီးစဉ်သည် ၁၂ နှစ်တာကာလအတွင်း တောင်ကိုရီးယားခေါင်းဆောင်တစ်ဦး၏ ပထမဆုံးဂျပန်ခရီးစဉ်ဖြစ်သည်။

တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့သည် သမိုင်းပြဿနာများနှင့် ပတ်သက်၍ ဆက်ဆံရေး မကျေမလည်ဖြစ်နေသော်လည်း မြောက်ကိုရီးယားပြဿနာနှင့် တရုတ်နိုင်ငံ၏ ဩဇာကျယ်ပြန့်လာမှုတို့ကို ပူးပေါင်းရင်ဆိုင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း သိရသည်။KKO



## ဒစ်ရိုက်ဂိုဏ်းဝင်များအဖြစ် ဖမ်းဆီးခံထားရသူ ဦးရေ ၂၀၀၀ ကို အကျဉ်းထောင်သစ်သို့ အယ်လ်ဆာဗေဒိုး ထပ်မံပို့ဆောင်

**ဆန်ဆာဗေဒိုး မတ် ၁၆**

ဒစ်ရိုက် ဂိုဏ်းဝင်များအဖြစ် ဖမ်းဆီးထားသူ ဦးရေ ၂၀၀၀ ကို အယ်လ်ဆာဗေဒိုးအစိုးရက ဒစ်ရိုက်ဂိုဏ်းဝင်များအတွက် တည်ဆောက်ထားသော အကျဉ်းထောင်သစ်ဆီသို့ မတ် ၁၅ ရက်တွင် ထပ်မံပို့ဆောင်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဒစ်ရိုက်ဂိုဏ်းဝင်များအတွက် ရည်ရွယ်တည်ဆောက်ထားသည့် အကျဉ်းထောင်သစ်ဆီသို့ ဒစ်ရိုက်ဂိုဏ်းဝင် ဦးရေ ၂၀၀၀ ထပ်မံပို့ဆောင်ခဲ့ခြင်းကြောင့် ယင်းအကျဉ်းထောင်၌ အကျဉ်းသားအရေအတွက် ၄၀၀၀ ထိ ရှိလာပြီဖြစ်ကြောင်း အယ်လ်ဆာဗေဒိုး သမ္မတ နာယစ်ဘ်ဘူကီလီက တွစ်တာစာမျက်နှာ၌ မတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ အကျဉ်းထောင်သစ်သည် ဆန်ဆာဗေဒိုးမြို့အရှေ့ဘက် ၄၅ မိုင်အကွာတွင် တည်ရှိပြီး အကျဉ်းသားဦးရေ ၄၀၀၀၀ ထိ လက်ခံထားနိုင်သည်။

သမ္မတ ဘူကီလီ၏ ဒစ်ရိုက်ဂိုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်အရ ပြီးခဲ့သည့် ရက်ပေါင်း ၃၅၄ ရက်အတွင်း အယ်လ်ဆာဗေဒိုးတာဝန်ရှိသူများသည် ဒစ်ရိုက်ဂိုဏ်းဝင်များအဖြစ်ယူဆရသူ ဦးရေ ၆၅၀၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံထားရသူများအနက် ၅၇၀၀၀ ခန့်မှာ စွဲချက်အတင်ခံရမည့်အချိန်၊ တရားရုံး၌ စစ်ဆေးခံရမည့်အချိန်ကို စောင့်ဆိုင်းနေကြရဆဲဖြစ်သည်။

အယ်လ်ဆာဗေဒိုး လမ်းများပေါ်သို့ ဒစ်ရိုက်ဂိုဏ်းဝင်များကို မည်သည့်အခါတွင်မျှ ပြန်လည်ခြေချခွင့်ပေးတော့မည်မဟုတ်ဟု အယ်လ်ဆာဗေဒိုးတရားရေးဝန်ကြီး ဂူစတာဗိုမီလ်ယာတိုရိုက ပြောကြားထားကြောင်း သိရသည်။ KKO

## ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ဖမ်းဆီးရေး အစီအစဉ် မတ် ၁၇ ရက်ထိ ဆိုင်းငံ့ထား

**အစ္စလာမ်မာဘတ် မတ် ၁၆**

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းကို ဖမ်းဆီးရေးလုပ်ငန်းစဉ် မတ် ၁၇ ရက်ထိ ဆိုင်းငံ့ထားရန် ပါကစ္စတန်အထက်တရားရုံးတစ်ရုံးက ရဲတပ်ဖွဲ့ကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပါကစ္စတန် ရဲတပ်ဖွဲ့သည် တရားရုံး၏ ဖမ်းဝရမ်းအရ လာဟိုမြို့၌ နေထိုင်သည့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ဖမ်းဆီးရန် မတ် ၁၄ ရက်က ကြိုးစားခဲ့စဉ် အီမရန်ခန်းထောက်ခံသူ ရာပေါင်းများစွာတို့နှင့် ထိပ်တိုက်တွေ့ခဲ့ရသည်။

တုတ်များ၊ လေးခွများ ကိုင်ဆောင်ထားသည့် အီမရန်ခန်းထောက်ခံသူများသည် မတ် ၁၄ ရက်နှင့်၁၅ ရက်တို့တွင် အီမရန်ခန်း၏နေအိမ်ကို ပိတ်ဆို့ထားခဲ့ကြသည်။

စွဲဆိုထားသည့် စွဲချက်များအတွက် တရားရုံးတော်၌ လာရောက်တရားဆိုင်ရန် ပျက်ကွက်မှုဖြင့် လာဟိုမြို့တရားရုံးတစ်ရုံးက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖမ်းဝရမ်းထုတ်ခဲ့သည်။

လွှတ်တော်၏ အယုံအကြည်မရှိအဆိုကြောင့် ပြီးခဲ့သည့်နှစ်အတွင်း ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရသော အီမရန်ခန်းသည် နိုင်ငံပိုင်လက်ဆောင်ပစ္စည်းများ တရားမဝင်ရောင်းချမှုစွဲချက်ဖြင့် တရားစွဲဆိုခံထားရသည်။

လက်ရှိအချိန်တွင် လာဟိုမြို့အထက်တရားရုံးက အီမရန်ခန်းအား ဖမ်းဆီးရေးကို မတ် ၁၇ ရက်ထိ ဆိုင်းငံ့ထားရန် ညွှန်ကြားထားသည်ဟု အီမရန်ခန်း၏ လက်ထောက်များက ပြောကြားထားကြောင်း သိရသည်။

KKO

## ရုရှား၊ တရုတ်၊ အီရန်စစ်သင်္ဘောများ အိုမန်ပင်လယ်ကွေ့၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

**ပေကျင်း မတ် ၁၆**

ရုရှား၊ တရုတ်၊ အီရန်နိုင်ငံတို့သည် အိုမန်ပင်လယ်ကွေ့ဒေသ၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများကို မတ် ၁၅ ရက်တွင် စတင်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါ သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် မတ် ၁၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း တရုတ်နှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနများက သတင်းထုတ်ပြန်ထားသည်။

ပင်လယ်ရေကြောင်းလုံခြုံရေးရပ်ဝန်း (၂၀၂၃) ဟူ၍ အမည်ပေးထားသည့် အဆိုပါ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သူနိုင်ငံများမှ ရေတပ်များအကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေလိမ့်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။


ပင်လယ်ရေကြောင်းလုံခြုံရေးရပ်ဝန်း (၂၀၂၃) ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများ၌ နေ့ကာလနှင့် ညကာလ အမြောက်ပစ်လေ့ကျင့်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများ၌ ရုရှားရေတပ်မှ အက်ဒ်မိုင်ရယ်ဂေါ်ရှ်ကော့ဗ် ဖရီးဂိတ်စစ်သင်္ဘောတစ်စီးနှင့် လောင်စာဆီဖြည့်ရေယာဉ်တစ်စီးတို့ ပါဝင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှား၊ တရုတ်၊ အီရန်နိုင်ငံတို့သည် အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာနေစဉ် မဟာမိတ်ဆက်ဆံရေး ခိုင်မာလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## သိပ္ပံပညာရှင်များ၏အဆိုအရ သောကြာဂြိုဟ်ပေါ်ရှိ အချို့သောမီးတောင်များမှာ သက်ဝင်လှုပ်ရှားမှုရှိနေနိုင်ဆဲဖြစ်



**ဝါရှင်တန် မတ် ၁၆**

သောကြာဂြိုဟ်ပေါ်ရှိမီးတောင်များအနက် အချို့သောမီးတောင်များမှာ သက်ဝင်လှုပ်ရှားမှုရှိနေနိုင်ဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ The Daily Mail သတင်းစာက မတ် ၁၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) က လွှတ်တင်ခဲ့သည့် မာဂျဲလိုလန်း အာကာသယာဉ်မှ ရရှိထားသော ဓာတ်ပုံအထောက်အထားများအရ မီးတောင်လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာသော သောကြာဂြိုဟ်မျက်နှာပြင် တွင်းပေါက်တစ်ခုသည် ရှစ်လတာကာလအတွင်း ပုံသဏ္ဌာန်ပြောင်းလဲသွားသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ အလက်စကာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ မီးတောင်တွင်းပေါက်သည် ရှစ်လတာကာလအတွင်း အကျယ်အဝန်းအားဖြင့် သုည ဒသမ ၈၅ စတုရန်းမိုင်မှ ၁ ဒသမ ၅ စတုရန်းမိုင်ခန့်ထိ အရွယ်အစားကြီးမားလာကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါ အထောက်အထားအရ သောကြာဂြိုဟ်ပေါ်၌မီးတောင်ပေါက်ကွဲမှုများနှင့် ချော်ရည်စီးဆင်းမှုများရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

သောကြာဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ခန့်ပင်ရှိသော်လည်း မျက်နှာပြင်အပူချိန်မှာ ၈၆၇ ဒီဂရီဖယ်ရင်ဟိုက်ထိရှိပြီး လေထုဖိအားမှာ ကမ္ဘာ့လေထုလွှာဖိအားထက် ၉၂ ဆ ပိုမြင့်မားကြောင်း သိရသည်။

သောကြာဂြိုဟ်သည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၇၀၀ ခန့်ထိတိုင် သက်ရှိများရှင်သန်နိုင်သည့်နေရာမျိုး ဖြစ်ခဲ့ဖွယ်ရှိသော်လည်း နောက်ပိုင်းတွင် ထူးဆန်းစွာပင် သက်ရှိများ နေထိုင်နိုင်မှုမရှိသောဂြိုဟ်တစ်စင်းအဖြစ် ပြောင်းလဲခဲ့ရကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက အီဂျစ်နိုင်ငံအတွက် ဒုတိယမြောက်အဝေးအာရုံခံဂြိုဟ်တုတစ်စင်း လွှတ်တင်ပေးခဲ့

**ပေကျင်း မတ် ၁၆**

တရုတ်နိုင်ငံသည် အီဂျစ်နိုင်ငံအတွက် ဒုတိယမြောက် အဝေးအာရုံခံစနစ် ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ပေးခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က မတ် ၁၅ ရက်က ရေးသားတင်ပြထားသည်။

ဟိုးရပ်စ်-၂ အမည်ရှိ အဆိုပါဂြိုဟ်တုကို လောင်းမတ်ချ်-၂ စီဒုံးပျံဖြင့် ဂိုဘီသဲကန္တာရဒေသ ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် မတ် ၁၃ ရက်က လွှတ်တင်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လောင်းမတ်ချ်-၂ စီဒုံးပျံသည် ဟိုးရပ်စ်-၂ ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၆၀၀ နှင့် ၈၀၀ ကြားတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



တရုတ်နိုင်ငံသည် ဟိုးရပ်စ်-၁ ဂြိုဟ်တုကို ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်ကပင် လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဂြိုဟ်တုနှစ်စင်းစလုံးသည် ကမ္ဘာမြေပြင်အထက် အမြင့် ၄၉၆ ကီလိုမီတာအကွာပတ်လမ်းပေါ်တွင် နေရာယူထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း ဂြိုဟ်တုလွှတ်တင်မှုပေါင်း ၆၀ ကျော်ဖြင့် ဂြိုဟ်တုနှင့်အာကာသယာဉ် အနည်းဆုံးအစင်း ၂၀၀ ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

## လွန်ခဲ့သောနှစ်ပေါင်း ၁၆၂ သန်းခန့်က ယနေ့ခေတ်တရုတ်နိုင်ငံနေရာတွင် ကျက်စားခဲ့သည့် ဒိုင်နိုဆောတစ်မျိုးက ကမ္ဘာပေါ်ရှိသက်ရှိများအနက် လည်တံအရှည်ဆုံးဖြစ်နိုင်

**ဝါရှင်တန် မတ် ၁၆**

လွန်ခဲ့သောနှစ်ပေါင်း ၁၆၂ သန်းခန့်က ယနေ့ခေတ် တရုတ်နိုင်ငံနေရာတွင် ရှင်သန်ကျက်စားခဲ့သည့် ဒိုင်နိုဆောတစ်မျိုးသည် ကမ္ဘာပေါ်၌ ပေါ်ထွက်ခဲ့ဖူးသမျှ သက်ရှိများအနက် လည်တံအရှည်ဆုံးသက်ရှိ ဖြစ်နိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၁၅ ရက်က ရေးသားတင်ပြထားသည်။

Mamenchisaurus Sinocanadorum အမည်ရှိ အဆိုပါ ဒိုင်နိုဆော၏လည်တံသည် အရှည် ၄၉ ပေထိရှိကြောင်း အမေရိကန်နိုင်ငံ စတိုနီဘရော့ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွက်ချက်မှုမှန်ကန်ခဲ့ပါက Mamenchisaurus Sinocanadorum ဒိုင်နိုဆော၏ လည်တံအရှည်သည် သစ်ကုလားအုတ်လည်တံထက် ခြောက်ဆကျော်ပိုရှည်၍ နှစ်ထပ် ဘတ်စကားတစ်စီး၏ ကိုယ်ထည်ထက် ၁ ဒသမ ၅ ဆ ပိုရှည်မည်ဖြစ်သည်။

Mamenchisaurus Sinocanadorum ဒိုင်နိုဆောများသည် ဂျူရက်ဆစ်ဘူမိ ခေတ်နောက်ပိုင်းကာလ လွန်ခဲ့သည့်နှစ်ပေါင်း ၁၇၄ သန်းနှင့် ၂၂၄ သန်းကြား ကာလအတွင်းရှင်သန်ကျက်စားခဲ့ကြသည့် လည်ပင်းရှည်ဆော်ရိုပေါ့ဒ် မျိုးရင်းဝင် ဒိုင်နိုဆောများဖြစ်ကြသည်။

အဆိုပါ ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ကျိုးဝေဂါဒေသ၌ ၁၉၈၇ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

လည်တံ အလွန်ရှည်လျားမှုကြောင့် Mamenchisaurus Sinocanadorum ဒိုင်နိုဆောများသည် တစ်နေရာတည်းမှာပင်ရပ်၍ လက်လှမ်းမီသမျှ ဝန်းကျင်တစ်ခုလုံးရှိ အသီးအရွက်များကို ဆွဲယူစားသောက်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## အဝတ်အခြောက်လျှော်ရာ၌သုံးသည့် ဓာတုပစ္စည်းကြောင့် ပါကင်ဆန်ရောဂါဖြစ်ပွားမှု မြင့်တက်လာနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၁၆**

အဝတ်အစားများကို ရေမသုံးဘဲ အခြောက်လျှော်ဖွပ်ရာ၌အသုံးပြုသည့် ဓာတုပစ္စည်းတစ်မျိုးကြောင့် ပါကင်ဆန်ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်များ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၁၅ ရက်က ရေးသားတင်ပြထားသည်။

ထရိုင်ကလိုရိုအီသလင်း(TCE) ခေါ် အဆိုပါဓာတုပစ္စည်းကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကပင် အဝတ်အစားများ အခြောက်လျှော်ဖွပ်ရေးလုပ်ငန်းများ၊ သတ္တုသန့်စင်မှုလုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းနယ်ပယ် အမျိုးမျိုးတွင် အသုံးပြုခဲ့သော ဓာတုပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတုပစ္စည်းကို အမေရိကန်နိုင်ငံက ၁၉၇၀ ပြည့်နှစ်ကပင် အစားအစာနှင့် ဆေးဝါးများ၌ ထည့်သွင်းအသုံးပြုမှုကို ပိတ်ပင်ထားသော်လည်း အိမ်သုံးဓာတုပစ္စည်းတစ်မျိုးအဖြစ် အမေရိကန်ပြည်နယ်အများအပြား၌ သုံးစွဲနေကြဆဲဖြစ်သည်။

ရိုချက်စတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ထရိုင်ကလိုရိုအီသလင်းသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်နေနိုင်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် နိုင်ငံတကာ လေ့လာမှုတစ်ရပ်တွင်လည်း ထရိုင်ကလိုရိုအီသလင်းကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ခြောက်ဆမြင့်မားလာနိုင်သည်ဟု ထောက်ပြထားကြောင်း သိရသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်းလုံး၌ ထရိုင်ကလိုရိုအီသလင်းကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြဆဲဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## မိခင်လောင်းများ အိပ်ရာဝင်ချိန်မီးရောင်လျှော့ထားခြင်းဖြင့် ကိုယ်ဝန်ဆောင်ချိန် ဆီးချိုတက်မှုကို လျှော့ချနိုင်

**နယူးယောက် မတ် ၁၆**


အိပ်ရာဝင်ချိန်၌ စမတ်ဖုန်းသုံးစွဲမှုရပ်နားခြင်း၊ မီးရောင်မှိန်ထားခြင်းကဲ့သို့ မီးရောင်လျှော့ထားခြင်းဖြင့် မိခင်လောင်းများ၌ ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်းသကြားဓာတ်လွန်ကဲ၍ ဆီးချိုတက်မှုကိုလျှော့ချနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၁၅ ရက်က ရေးသားတင်ပြထားသည်။

ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်းသကြားဓာတ် ပုံမှန်ထက်လွန်ကဲမှုသည် မိခင်လောင်းများ ရင်ဆိုင်ရတတ်သည့် ဆီးချိုရောဂါတစ်မျိုးဖြစ်ပြီး မိခင်လောင်း ငါးရာခိုင်နှုန်းခန့် ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်လည်းဖြစ်သည်။

သို့ရာတွင် ကိုယ်ဝန်ဆောင်ကာလ ဆီးချိုပြဿနာနှင့်ရင်ဆိုင်ခဲ့ရသူ မိခင်လောင်းများအနက် အများစုမှာ မီးဖွားပြီးချိန်တွင် ပုံမှန်အခြေအနေ ပြန်ရောက်သွားတတ်သော်လည်း အထက်ပါပြဿနာသည် နေ့စေ့လစေ့မဟုတ်ဘဲ မီးဖွားမှုပြဿနာ၊ မွေးလာသည့်ကလေးများ ပုံမှန်ထက်ထွားကျိုင်းမှုပြဿနာများနှင့် ဆက်စပ်နေတတ်ကြောင်း သိရသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်ကာလ ဆီးချိုတက်မှုပြဿနာနှင့်ရင်ဆိုင်ခဲ့ရသူ မိခင်လောင်းများမှာ နောင်အသက်ရလာချိန်တွင် ပုံစံ-၂ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း၊ အိပ်မပျော်မီ သုံးနာရီအတွင်း မီးရောင်နှင့်အထိအတွေ့များသော မိခင်လောင်းများမှာ ကိုယ်ဝန်ဆောင်ကာလ ဆီးချိုတက်မှုပြဿနာနှင့် ရင်ဆိုင်ရနိုင်ခြေ ပိုမြင့်မားကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

KKO






# ဖူလ်ဟမ်အသင်းက နည်းပြမာကိုစ်ဆေးဗားကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်




**လန်ဒန် မတ် ၁၆**

ယခုနှစ် ဘောလုံးရာသီတွင် ဖူလ်ဟမ်အသင်းအား ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်သည့် နည်းပြ မာကိုစ်ဆေးဗားကို ပရီးမီးယားလိဂ်ပြိုင်ဘက် စပါးအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် ဖူလ်ဟမ်အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ မာကိုစ်ဆေးဗားသည် ဖူလ်ဟမ်အသင်းအား ၂၀၂၁ ခုနှစ် ဇူလိုင်လက စတင်တာဝန်ယူခဲ့ပြီးနောက် အသင်းအား ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် လက်ရှိအမှတ်ပေးပြိုင်ပွဲ ၂၇ ပွဲကစားပြီးချိန်တွင်လည်း ၁၁ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံးရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၉) တွင် ရပ်တည်နေသောကြောင့် စပါးအသင်းက ၎င်းကိုခေါ်ယူရန် ကြိုးပမ်းလာချိန်တွင် အသင်းဘုတ်အဖွဲ့က စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မာကိုစ်ဆေးဗားသည် ဖူလ်ဟမ်အသင်းနှင့်လာမည့် ၂၀၂၄ ခုနှစ်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက ထိပ်သီးကလပ်အသင်းများ၏ ကမ်းလှမ်းမှုမှ ကာကွယ်နိုင်ရန် စာချုပ်သက်တမ်းတိုး၍ အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ရာ နှစ်ဖက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဖူလ်ဟမ်အသင်းဘုတ်အဖွဲ့က အသင်းအား ပရီးမီးယားလိဂ်မှ တန်းမဆင်းရရေးအတွက်သာ ခန့်မှန်းထားသော်လည်း နည်းပြမာကိုစ်ဆေးဗား လက်အောက်တွင် အသင်းအနေဖြင့် ပုံစံကောင်းရရှိခဲ့သဖြင့် အမှတ်ပေးဇယားအဆင့် (၉) တွင် ရောက်ရှိခဲ့ပြီး အဆင့်(၄)မှ စပါးအသင်းနှင့် ရမှတ် ကိုးမှတ်သာကွာဟသောကြောင့် လာမည့်ပွဲစဉ်များကို ရလဒ်ကောင်းခဲ့ပါက ဥရောပဝင်ခွင့်ရရှိရန် မျှော်လင့်နိုင်ကြောင်း သိရသည်။ ML

# အီတလီစီးရီးအေ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

M L

အူဒီနီးစ် Vs အေစီမီလန်

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (နံနက် ၀၂း၁၅နာရီ)**

**ပထမအကျော့ရလဒ်**

**အေစီမီလန် ၄ - ၂ အူဒီနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အူဒီနီးစ်** | – | **အိမ်(သရေ)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |
| **အေစီမီလန်** | – | **ဝေး(ရှုံး)** | **ဝေး(သရေ)** | **အိမ်(သရေ)** |

အူဒီနီးစ်အသင်းဟာ အိမ်ကွင်းတိုက်စစ်ထက်မြက်ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေရှိနေတာကြောင့် ရမှတ်ဆုံးရှုံးမှုတွေ များနေတာကို တွေ့ရမှာပါ။ အေစီမီလန်ကတော့ အခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရရှိမှ ဥရောပ မျှော်လင့်ခွင့်သေချာမှာဖြစ်လို့ တိုက်စစ်ဖွင့်ဖိအားပေးလာမှာပါ။ ဒါကြောင့် ခံစစ်ကစားပုံသာလွန်တဲ့ အေစီမီလန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အူဒီနီးစ် ၀ – ၁ အေစီမီလန်**

# ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်များ

M L

အေဗာတန် Vs ဘုန်းမောက်

**ကစားမည့်ရက်/အချိန် ၁၈-၃-၂၀၂၃ (ည ၀၉း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ဘုန်းမောက် ၂ – ၀ အေဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေဗာတန်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **ဘုန်းမောက်** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

အေဗာတန်ဟာ နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲမရှိသေးပေမဲ့ အိမ်ကွင်းရလဒ်ကောင်းဖို့ လိုအပ်နေတာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်မြှင့်နိုင်ပွဲရှာလာမှာပါ။ အိမ်ကွင်းမှာလီဗာပူးကို အနိုင်ကစားထားတဲ့ဘုန်းမောက်အသင်းကတော့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်တွေကြောင့် အေဗာတန်တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်လို့ အေဗာတန်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေဗာတန် ၂ – ၁ ဘုန်းမောက်**

ဆောက်သမ်တန် Vs စပါး

**ကစားမည့်ရက်/အချိန် ၁၈-၃-၂၀၂၃ (ည ၀၉း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**စပါး ၄ – ၁ ဆောက်သမ်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆောက်သမ်တန်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(ရှုံး)** |
| **စပါး** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့ ဆောက်သမ်တန်ဟာ လက်ရှိအသင်းခံစစ်ပိုင်းက ပွဲစဉ်တိုင်းပေးဂိုးရှိနေတာကိုတွေ့ရမှာပါ။ စပါးအသင်းကတော့ အဝေးကွင်းခြေစွမ်းမတည်ငြိမ်ပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းက ဆောက်သမ်တန်ထက်သာလွန်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ရမှတ်လိုနေတာကြောင့် အခုပွဲစဉ်ကို ရှုံးလို့မရတဲ့အခြေအနေပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုသာလွန်တဲ့ စပါးနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆောက်သမ်တန် ၀ – ၁ စပါး**

## တိုက်စစ်မှူး ဘင်ဇီးမားကို စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း သဘောတူညီမှုရရှိ

**မက်ဒရစ် မတ် ၁၆**

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ် ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည့် တိုက်စစ်မှူး ဘင်ဇီးမားကို တစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဘင်ဇီးမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲအချို့ကို လွဲချော်ခဲ့သော်လည်း ပြိုင်ပွဲစုံ ၂၄ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့ပြီး လက်ရှိ ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင်လည်း ၎င်း၏သွင်းဂိုးဖြင့် လီဗာပူးအသင်းအားအနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ ပို့ဆောင်နိုင်ခဲ့သောကြောင့် ပြိုင်ပွဲအပြီးတွင် အသင်းတာဝန်ရှိသူများက ၎င်းအား စာချုပ်သက်တမ်း တိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း၏ သတ်မှတ်ချက်အရ အသက် ၃၀ ကျော်သည့် ကစားသမားများကို တစ်နှစ်သက်တမ်းသာ တိုးလေ့ရှိသောကြောင့် အသက် ၃၅ နှစ်ရှိ တိုက်စစ်မှူး ဘင်ဇီးမားကိုလည်း လာမည့် ၂၀၂၄ ခုနှစ်ထိသာ တစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဘင်ဇီးမားသည် ၂၀၀၉ ခုနှစ်က လိုင်ယွန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး တိုက်စစ်မှူး စီရော်နယ်ဒို၏ နောက်တွင်သာ ဒုတိယဦးစားပေး ကစားသမားအဖြစ် ကစားခဲ့ရသော်လည်း စီရော်နယ်ဒိုထွက်ခွာသွားချိန်တွင် အသင်းတိုက်စစ်ပိုင်းကို အဓိက ဦးဆောင်နိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၆၃၃ ပွဲကစားခဲ့ရာတွင် ၃၄၂ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် အသင်း၏ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်းအား လာလီဂါချန်ပီယံဆုနှင့် ချန်ပီယံလိဂ်ဖလားရရှိအောင် ၎င်း၏သွင်းဂိုးများဖြင့် ကူညီခဲ့သောကြောင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် အင်ဖန်တီနို နောက်ထပ် လေးနှစ်တာဝန်ထမ်းဆောင်မည်

**ဂျိုနီဗာ မတ် ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌအင်ဖန်တီနိုက နောက်ထပ်သက်တမ်း လေးနှစ်ဆက်လက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ (၇၃)ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌရာထူးအတွက် အခြားရွေးချယ်ခံမည့်သူတစ်ဦးမှမရှိဘဲ ပြိုင်ဘက်မရှိသည့်အတွက် လက်ရှိဥက္ကဋ္ဌ အင်ဖန်တီနိုက နောက်ထပ်လေးနှစ် သက်တမ်းအဖြစ် ၂၀၂၇ ခုနှစ်ထိ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၅၂နှစ်ရှိ အင်ဖန်တီနိုသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာ နုတ်ထွက်ခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် လက်ရှိအချိန်ထိ အဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးအတွက် ရွေးချယ်ခံရမည့်ပြိုင်ဘက်မရှိသည့်အတွက် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။



လက်ရှိတွင် အင်ဖန်တီနိုသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ ကိုးဦးမြောက်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီးနောက်ပိုင်းနှစ်များတွင် အင်ဖန်တီနိုအနေဖြင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကာတာနိုင်ငံအား အိမ်ရှင်အဖြစ် ရွေးချယ်စေခဲ့ခြင်းနှင့်ပတ်သက်ပြီး ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိအချိန်ထိ ပြိုင်ဘက်တစ်ဦးမှ မရှိသေးသည့်အတွက် ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းတွင် ပုံမှန်ပွဲကစားခွင့် မရရှိတော့သည့် ကွင်းလယ်ကစားသမားဗာရက်တီက ပဲရစ်တွင် ပျော်ရွှင်မှုမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် စီစဉ်နေကြောင်း သိရသည်။
- အီတလီအစိုးရက ဖရန့်ဖတ်ပရိသတ်များကို ပွဲကြည့်ခွင့်ပိတ်ပင်ထားပြီး ယနေ့ယှဉ်ပြိုင်ခဲ့သည့် နာပိုလီအသင်းနှင့် ဖရန့်ဖတ်အသင်းတို့ ပွဲစဉ်အပြီးတွင် နေပယ်မြို့လမ်းမများပေါ်တွင် ဘောလုံးပရိသတ်များနှင့် ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ML

# JENESYS U-17 Women's Football Memorial Cup ပြိုင်ပွဲကို မြန်မာယူ-၁၇ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် မတ် ၁၆**

ဂျပန်-အာဆီယံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရကျင်းပမည့် JENESYS U-17 Women's Football Memorial Cup ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်ယူ-၁၇ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်-အာဆီယံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က JENESYS U-17 Women's Football Memorial Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၁၇အသင်းကို ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ်းလှမ်းခဲ့ရာမှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း သဘောတူညီခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင်ယူ-၁၇အသင်း အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

JENESYS U-17 Women's Football Memorial Cup ပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ ဂျပန်လက်ရွေးစင်ယူ-၁၆ အမျိုးသမီးအသင်းနှင့် အိုကီနာဝါအက်ဖ်စီအသင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး မတ် ၁၇ ရက်မှ ၂၄ရက်ထိ ဂျပန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို သုံးသင်းပါ လေးအုပ်စုဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စု(A) တွင် အိုကီနာဝါအသင်း၊ ဗီယက်နမ်အသင်း၊ မလေးရှားအသင်း၊ အုပ်စု (B) တွင် အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် စင်ကာပူအသင်း၊ အုပ်စု (C) တွင် ဂျပန်အသင်း၊ ဖိလစ်ပိုင်အသင်းနှင့်မြန်မာအသင်း၊ အုပ်စု (D) တွင် ထိုင်းအသင်း၊ တီမောလက်စ်တေ အသင်းနှင့် လာအိုအသင်းတို့ ပါဝင်ပြီး အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# Indian Wells Masters တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ မျက်ဒဗျက်တက်ရောက်



**ကယ်လီဖိုးနီးယား မတ် ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်နှင့် စပိန်တင်းနစ်ကစားသမား ဖိုကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဖိုကီနာက ပုံစံကောင်း ရရှိလာသည့်အတွက် Tie-Break အဆင့်ထိကစားခဲ့ရပြီး မျက်ဒဗျက်က ဒုတိယပွဲငယ်တွင် အကြိတ်အနယ်ကစားခဲ့ပြီးမှ အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့် (၆) နေရာတွင် ရပ်တည်နေသည့် မျက်ဒဗျက်သည် ခြေချင်းဝတ်ဒဏ်ရာ ရရှိနေခြင်းကြောင့် ကြံ့ခိုင်မှုအကောင်းဆုံးပုံစံတွင် ရှိမနေခဲ့သော်လည်းဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်မည့် စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့သည်။

မျက်ဒဗျက်က "ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြင်းပြင်းထန်ထန်လှုပ်ရှားဖို့ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လဲ သွေးပူလုပ်တုန်းကလောက်ပဲ နာကျင်မှုဝေဒနာ ခံစားရတယ်။ သွေးပူသွားပြီဆိုရင် မနာတော့ဘူး။ ဒဏ်ရာရှိနေပေမဲ့လဲ ဒီပွဲစဉ်ကို မဖြစ်မနေ ကစားရမှာဖြစ်တဲ့အတွက်ကြောင့် ဒဏ်ရာပြဿနာကို မေ့ထားပြီး ပွဲအပေါ်မှာ သေချာအာရုံစိုက်ကစားခဲ့ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်ကစားသမားတီယာဖိုးနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။ AZL

# WBC အဖွဲ့ချုပ်က ဘီတာဘီယက်ဗ်ကို ကောလမ်စမစ်ဖြင့် ထိုးသတ်သွားရန် တရားဝင်ညွှန်ကြား

**မက္ကဆီကိုစီးတီး မတ် ၁၆**

မက္ကဆီကိုနိုင်ငံတွင် အခြေစိုက်သည့် WBCအဖွဲ့ချုပ်သည် WBC လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘီတာဘီယက်ဗ်ကို လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ကောလမ်စမစ်ဖြင့် ထိုးသတ်သွားရန် ယနေ့တွင် တရားဝင်ညွှန်ကြားချက်ထုတ်ပြန်လိုက်ကြောင်း Boxing News24 က ဖော်ပြခဲ့သည်။

ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဗ်သည် WBC၊IBF၊WBO လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပြီး အင်္ဂလန်လက်ဝှေ့သမား ကောလမ်စမစ်က စူပါမစ်ဒယ်ဝိတ်တန်းမှ လိုက်ဟဲဗီးဝိတ်တန်းသို့ ပြောင်းလာသည့် လက်ဝှေ့သမားဖြစ်သည်။

လိုက်ဟဲဗီးဝိတ်တန်းတွင် စိန်ခေါ်ပွဲ နှစ်ပွဲထိုးသတ်ကာ နှစ်ပွဲစလုံး၌ အနိုင်ရရှိခဲ့သည့်အတွက်ကြောင့် WBC က လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ရန် အချိန်ကာလရောက်နေသည့် ဘီတာဘီယက်ဗ်အား ကောလမ်စမစ်နှင့် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

WBC သည် ဘီတာဘီယက်ဗ်ကို ပြီးခဲ့သော ဇန်နဝါရီလကတည်းက ကောလမ်စမစ်နှင့် ထိုးသတ်ရန် ညွှန်ကြားသွားမည်ဟု ထုတ်ပြန်ထားသော်လည်း ယနေ့မှသာ တရားဝင်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ဘီတာဘီယက်ဗ်သည် ကောလမ်စမစ်နှင့် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ရေးထက် WBA လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘီဗိုလ်နှင့်သာ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံပွဲစဉ် ထိုးသတ်သွားရန် ဆန္ဒရှိနေသော်လည်း WBC က စည်းမျဉ်းစည်းကမ်းအရ တရားဝင်ညွှန်ကြားလာပြီ ဖြစ်သည့်အတွက် ဘီတာဘီယက်ဗ်အနေဖြင့် WBC ၏ ညွှန်ကြားချက်ကို ငြင်းဆန်၍မရတော့သည့်အခြေအနေဖြင့် ရင်ဆိုင်နေရသည်။

WBC အဖွဲ့ချုပ်က ဘီတာဘီယက်ဗ်ကို ကောလမ်စမစ်နှင့် ထိုးသတ်သွားရန် ဆွေးနွေးမှုကို ဧပြီ ၁၁ ရက်တွင် အပြီးသတ်ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။ AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

STA

## ဘိုချမ် Vs လိုက်ပ်ဇစ်

**ကစားမည့်ရက်/အချိန် ၁၈-၃-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၄ - ၀ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |
| လိုက်ပ်ဇစ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |

လက်ရှိ ဘိုချမ်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရလို့ အိမ်ကွင်းဆိုပေမဲ့ လိုက်ပ်ဇစ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက် ခက်ခဲမှာပါ။ လိုက်ပ်ဇစ်အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုနေလို့ မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ကြိုးစားလာမှာပါ။ ဒါကြောင့် ဒီပွဲမှာ လိုက်ပ်ဇစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘိုချမ် ၀ - ၃ လိုက်ပ်ဇစ်**

## ဒေါ့မွန် Vs ကိုလုံး

**ကစားမည့်ရက်/အချိန် ၁၈-၃-၂၀၂၃ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကိုလုံး ၃ - ၂ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(သရေ) |
| ကိုလုံး | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

ပြီးခဲ့တဲ့ပွဲစဉ်က သရေရလဒ်ကြောင့် အဆင့်(၂)နေရာပြန်ရောက်ခဲ့တဲ့ ဒေါ့မွန်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ကိုလုံးအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၃ - ၁ ကိုလုံး**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်များ

STA

## တူးလော့ Vs လိုင်လီ

**ကစားမည့်ရက်/အချိန် ၁၈-၃-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၂ - ၁ တူးလော့**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| တူးလော့ | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| လိုင်လီ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(သရေ) |

တူးလော့အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ လိုင်လီအသင်းနဲ့တွေ့ဆုံတိုင်း ရှုန်းကန်ရလေ့ရှိပါတယ်။ လိုင်လီအသင်းကလဲ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ အဝေးကွင်းဆိုပေမဲ့ အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် လိုင်လီအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - တူးလော့ ၁ - ၂ လိုင်လီ**

## လန်း Vs အန်ဂါ

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အန်ဂါ ၁ - ၂ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| အန်ဂါ | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ လန်းအသင်းဟာ အန်ဂါအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် လေးပွဲဆက်ရှုံးနိမ့်ထားတဲ့ အန်ဂါအသင်းရဲ့ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေလို့အခုပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် ဒီပွဲမှာ လန်းအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လန်း ၂ - ၀ အန်ဂါ**

# တရုတ်အကူအညီဖြင့် သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်သွားမည့် အီရန်နှင့် ဆော်ဒီ



အီရန်နှင့် ဆော်ဒီအာရေဗျတို့သည် ခုနစ်နှစ်ကြာ ဆက်ဆံရေးတင်းမာခဲ့ပြီးနောက် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန်နှင့် သံရုံးများပြန်လည်ဖွင့်လှစ်သွားရန် မတ် ၁၀ ရက်က သဘောတူညီခဲ့သည်။ တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှုဖြင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ခြင်းသည် နှစ်နိုင်ငံကြား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလာနိုင်ခြေကို လျှော့ချစေနိုင်ခဲ့သည်။ စင်စစ်အားဖြင့် နှစ်နိုင်ငံစလုံးသည် အရှေ့အလယ်ပိုင်းဒေသတွင်းရှိ ပဋိပက္ခများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်လျက်ရှိသည်။

လွန်ခဲ့သောသီတင်းပတ်အတွင်း ပေကျင်းမြို့၌ တရုတ်အမျိုးသားကွန်ဂရက်အခမ်းအနား ပြုလုပ်နေစဉ် အီရန်နှင့်ဆော်ဒီတို့ကြား သဘောတူညီချက်ရရှိခဲ့ခြင်းသည် တရုတ်နိုင်ငံအနေဖြင့် သံခင်းတမန်ခင်းနယ်ပယ်တွင် ကြီးမားသောအောင်မြင်မှုရရှိခဲ့ခြင်းပင်ဖြစ်သည်။ ဆိုရလျှင် ပင်လယ်ကွေ့နိုင်ငံများက အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသမှ တဖြည်းဖြည်းပြန်လည်ဆုတ်ခွာနေပြီဟု ရှုမြင်လာကြပြီဖြစ်သည်။ ထို့ပြင် ယီမင်နိုင်ငံတွင် ကာလရှည်ကြာဖြစ်ပွားနေသောစစ်ပွဲ အဆုံးသတ်နိုင်ရေးအတွက်လည်း သံခင်းတမန်ခင်းအရ ကြိုးပမ်းလျက်ရှိသည်။ အီရန်နှင့်ဆော်ဒီတို့သည် ယီမင်အရေးတွင် နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်လျက်ရှိသည်။

အီရန်နှင့်ဆော်ဒီ နှစ်နိုင်ငံစလုံးသည် တရုတ်နိုင်ငံရှေ့မှောက်တွင် ပူးတွဲသဘောတူညီချက်ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့သော်လည်း အဆိုပါသဘောတူညီချက်ကို ချက်ချင်း ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ အီရန်နိုင်ငံသည် တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ မှတ်တမ်းတင်ခဲ့သော ဗီဒီယိုဖိုင်နှင့်ဓာတ်ပုံများကို မီဒီယာများ၌ ဖော်ပြခဲ့သည်။ အီရန်အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး အလီရှမ်ခါနီ၊ ဆော်ဒီအမျိုးသားလုံခြုံရေးအကြံပေး မူဆတ်ဘင်မိုဟာမက် အလီအိဘင်တို့နှင့် တရုတ်ထိပ်တန်း သံတမန်ဝမ်ယီတို့၏ တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက် အကောင်အထည်ဖော်မှုအနေဖြင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် သံအမတ်ကြီးများအပြန်အလှန် စေလွှတ်ရေးအတွက် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင်ရုပ်သံက ထုတ်လွှင့်သွားခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ထူထောင်ရန်နှင့် နှစ်လအတွင်း သံရုံးများပြန်လည်ဖွင့်လှစ်သွားရန် ပူးတွဲကြေညာချက်၌ ဖော်ပြထားရှိသည်။ အီရန်မီဒီယာများက ထုတ်ပြန်သော ရုပ်သံမှတ်တမ်းများအရ ဝမ်ယီသည် နှစ်နိုင်ငံ၏ အမြော်အမြင်ကြီးမားသော ဆုံးဖြတ်ချက်အပေါ် လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခဲ့ကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် ရိုးသားပွင့်လင်းမှုကိုပြသခဲ့ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ကို အပြည့်အဝထောက်ခံကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။

ဆော်ဒီထံမှ ရေနံအများဆုံးဝယ်ယူသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံအနေဖြင့် မကြာသေးမီအချိန်အတွင်းကပင် အီရန်သမ္မတ အီဘရာဟင်ရိုင်စီကို လက်ခံတွေ့ဆုံခဲ့သလို မတ် ၁၀ ရက်က သမ္မတတာဝန် ငါးနှစ်သက်တမ်းကို တတိယအကြိမ်မြောက် ရွေးချယ်တင်မြှောက်ခံရသည့် ရှီကျင့်ဖျင်အနေဖြင့်လည်း ပင်လယ်ကွေ့နိုင်ငံများ၏အစည်းအဝေးသို့ တက်ရောက်ရန် ယခင်နှစ် ဒီဇင်ဘာလအတွင်းက ဆော်ဒီအာရေဗျနိုင်ငံ၏မြို့တော် ရီယာဒ်သို့ရောက်ရှိခဲ့သေးသည်။

အီရန်အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ရှမ်ခါနီက ဆွေးနွေးပွဲများသည် ပွင့်လင်းမြင်သာ ထိရောက်မှုရှိပြီး အပြုသဘောဆောင်ခဲ့ကြောင်း၊ တီဟီရန်နှင့်ရီယာဒ်ကြား နားလည်မှုလွဲမှားနေမှုများကိုဖယ်ရှားပြီး အနာဂတ်ကိုဇဟိုပြုသော ဆက်ဆံရေးထူထောင်ခြင်းသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့်လုံခြုံမှုကို အထောက်အကူဖြစ်စေမည့်အပြင် လက်ရှိစိန်ခေါ်မှုများ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ပါရှန်ပင်လယ်ကွေ့နိုင်ငံများနှင့် အစ္စလာမ်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့မှုများကို အီရန်နိုင်ငံပိုင် IRNA သတင်းအေဂျင်စီက ထုတ်လွှင့်သွားခဲ့သည်။ ထို့သို့ အီရန်နိုင်ငံက ထုတ်ပြန်ကြေညာပြီး မရှေးမနှောင်းမှာပင် ဆော်ဒီနိုင်ငံပိုင် မီဒီယာများကလည်း အလားတူ ထုတ်ပြန်ချက်များကို ကြေညာခဲ့သည်။

၂၀၁၆ ခုနှစ်တွင် အီရန်ရှိ ဆော်ဒီသံရုံးအတွင်းသို့ ဆန္ဒပြသမားများ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ဆော်ဒီသည် အီရန်နှင့်ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။ ဆော်ဒီသည် ထင်ရှားသည့် ရှီးယိုက်ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်တစ်ဦးကို သေဒဏ်ပေးပြီးနောက် အီရန်တွင် ဆူပူဆန္ဒပြမှုများ မြင့်တက်လာခဲ့သည်။ ထိုအချိန်မှစ၍ အီရန်နှင့်ဆော်ဒီတို့ကြားဆက်ဆံရေးတင်းမာလာခဲ့သည်။ ထိုသို့ သေဒဏ်ပေးခဲ့ခြင်းသည် အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆော်မန်ကို အာဏာပိုမိုကြီးထွားလာစေခဲ့သည်။ ထိုစဉ်က ဘင်ဆော်မန်သည် အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီကို ဂျာမနီ၏ နာဇီခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာနှင့်နှိုင်းယှဉ်ခဲ့သည့်အပြင် အီရန်ကို တိုက်ခိုက်သွားမည်ဟုလည်း ခြိမ်းခြောက်ခဲ့သေးသည်။

ထိုအချိန်မှစ၍ အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ မြင့်တက်လာခဲ့သည်။ အမေရိကန်ကလည်း ၂၀၁၈ ခုနှစ်တွင် အီရန်နျူကလီးယားစာချုပ်မှ နုတ်ထွက်သွားခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဆော်ဒီရေနံချက် စက်ရုံများကို တိုက်ခိုက်ခံရမှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများအတွက် အီရန်နိုင်ငံအနေဖြင့် ပြစ်တင်ဝေဖန်ခံခဲ့ရသည်။ ယီမင်ရှိ အီရန်ကျောထောက်နောက်ခံပေးထားသော ဟူသီသူပုန်များက ဆော်ဒီရေနံချက်စက်ရုံများကို ၎င်းတို့တိုက်ခိုက်ခဲ့သည်ဟု ပြောဆိုနေသည့်တိုင်အောင် အနောက်နိုင်ငံများနှင့် ကျွမ်းကျင်သူများက တိုက်ခိုက်မှုအတွက် အီရန်ကိုပြစ်တင်ဝေဖန်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေ အီရန်နိုင်ငံကတော့ တိုက်ခိုက်မှုများကို တစိုက်မတ်မတ် ငြင်းဆန်ခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် တီဟီရန်ကြား နားလည်မှုရရှိပြီးနောက် ဆော်ဒီအာရေဗျသည် အီရန်နှင့် သဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။ အီရန်နှင့် ဆော်ဒီတို့ကြား တင်းမာမှုလျှော့ချရေးအတွက် သုံးနှစ်ခန့်ညှိနှိုင်းခဲ့ရသည်ဟုဆိုသည်။ အမှန်တော့ ဆော်ဒီအနေဖြင့် အမေရိကန်၏ခွင်းချက်မရှိ ပံ့ပိုးကူညီမှုမရရှိလျှင် အီရန်အပြင်ဒေသတွင်းနိုင်ငံများနှင့် အာဏာဟန်ချက်ထိန်းညှိနိုင်စွမ်းမရှိကြောင်းကို နားလည်သဘောပေါက်ပြီးနောက် အီရန်နှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ရှိအချိန်တွင် ဆော်ဒီအိမ်ရှေ့စံ မိုဟာမက်သည် တိုင်းပြည်တည်ဆောက်ရေး စီမံကိန်းများကိုသာ အလေးထားဖော်ဆောင်လျက်ရှိပြီး နောက်ဆုံးတွင် ယီမင်စစ်ပွဲမှနုတ်ထွက်သွားဖွယ်ရာ ရှိနေသည်။ အမှန်တော့ ဒေသတွင်းမတည်ငြိမ်မှုများသည် ၎င်း၏စီမံကိန်းများကို ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သည်။

ဟူသီသူပုန်များသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ယီမင်မြို့တော် ဆာနားကိုသိမ်းပိုက်ခဲ့ပြီး နိုင်ငံတကာက အသိအမှတ်ပြုထားသော ယီမင်အစိုးရသည် ဆော်ဒီသို့ထွက်ပြေးခိုလှုံခဲ့ရသည်။ ဆော်ဒီ ဦးဆောင်သောညွန့်ပေါင်းအဖွဲ့သည် အမေရိကန်လက်နက်များနှင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ ရယူပြီး ၂၀၁၅ ခုနှစ် မတ်လတွင် ယီမင်၏ပြည်ပြေးအစိုးရအဖွဲ့ဘက်မှရပ်တည်ကာ စစ်ပွဲအတွင်း ပါဝင်လာခဲ့သည်။ ကာလရှည်ကြာဖြစ်ပွားနေသော ယီမင်စစ်ပွဲသည် ပြည်သူများကို ဘေးဒုက္ခများ ဖြစ်ပေါ်စေခဲ့ပြီး အာရပ်ကမ္ဘာ၏အဆင်းရဲဆုံးနိုင်ငံကို ငတ်မွတ်ခေါင်းပါးမှုအန္တရာယ်တွင်းသို့ တွန်းပို့ပေးခဲ့သည်။

သံတမန်များက ယီမင်နိုင်ငံတွင် အပစ်အခတ်ရပ်စဲထားမှုကို သက်တမ်းတိုးရန်ကြိုးပမ်းခဲ့သော်လည်း အပစ်အခတ်ရပ်စဲမှု ခြောက်လသက်တမ်းသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် စစ်ပွဲဆက်လက်အရှိန်မြင့်တက်လာမလားဆိုသော စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ ဆိုရလျှင် ယီမင်စစ်ပွဲအတွင်း အရပ်သား ၁၄၅၀၀ အပါအဝင် လူဦးရေ ၁၅၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

အီရန်နှင့်အမေရိကန်ကြား ဆွေးနွေးပွဲများတွင် ကာလရှည်ကြာ ပါဝင်ဆွေးနွေးလျက်ရှိသော အိုမန်အပါအဝင် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများကို မကြာသေးမီလများအတွင်းက ပြန်လည်စတင်ခဲ့သည်။ တချို့သောသူများသည် မတ်လနှောင်းပိုင်းတွင် ကျရောက်မည့် မွတ်စလင်တို့၏ ရာမန်ဒန်ဥပုသ်လ မတိုင်မီ သဘောတူညီချက်ရရှိနိုင်သည်ဟု မျှော်မှန်းလျက်ရှိကြသည်။ အီရန်နှင့်ဆော်ဒီတို့သည် မကြာသေးမီနှစ်များအတွင်း ဆွေးနွေးပွဲများ အခါအားလျော်စွာလုပ်ဆောင်လာခဲ့ရာ ယီမင်နိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ရရှိရေးမှာမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။

အမေရိကန်ရေတပ်နှင့် ၎င်း၏မဟာမိတ်များသည် မကြာသေးမီကပင် လက်နက်တင်ဆောင်လာသော သင်္ဘောတစ်စီးကိုဖမ်းဆီးထားရှိပြီး ၎င်းသင်္ဘောသည် အီရန်မှယီမင်သို့သွားမည်ဟု ၎င်းတို့က ပြောဆိုလျက်ရှိသည်။ အီရန်ကမူ ဟူသီသူပုန်များကို လက်နက်တပ်ဆင်ပေးခြင်းမရှိကြောင်း အခိုင်အမာငြင်းဆိုလျက်ရှိသည်။ စင်စစ်အားဖြင့် ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများကို ဟူသီသူပုန်များထံသို့ လက်နက်တင်ပို့ခွင့်တားမြစ်ထားရှိသည်။ အီရန်နှင့် ဆော်ဒီတို့ကြား သဘောတူညီချက်ရရှိမှုအပေါ် အမေရိကန်၏တုံ့ပြန်မှုမှာ ရှင်းရှင်းလင်းလင်း မသိရှိရသေးဟု ဆိုသည်။ အရှေ့အလယ်ပိုင်းနိုင်ငံများမှ ခေါင်းဆောင်များသည် ၂၀၂၁ ခုနှစ်အတွင်း အာဖဂန်နစ္စတန်မှ ဒရောသောပါးဆုတ်ခွာခဲ့ရသည့် အမေရိကန်၏ရည်ရွယ်ချက်ကို ထဲထဲဝင်ဝင်သိရှိနိုင်ရန် ကြိုးပမ်းနေဆဲပင်ဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အီရန်နှင့်ဆော်ဒီတို့၏ထုတ်ပြန်ချက်အပေါ် သဘောထားမှတ်ချက်တစ်စုံတစ်ရာမျှပေးခြင်းမရှိသေးဟု ဆိုသည်။

ဆိုရလျှင် တရုတ်၏အကူအညီဖြင့် အီရန်နှင့်ဆော်ဒီတို့သည် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်တော့မည်ဖြစ်သည်။ ဆော်ဒီအာရေဗျ၊ အီရန်နှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် သိမ်မွေ့နက်နဲလျက်ရှိသည်။ တရုတ်ခေါင်းဆောင်များသည် ကြားနေဝါဒကျင့်သုံးမှုနှင့် စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာအကျိုးစီးပွားများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် တီဟီရန်၊ ရီယာဒ်တို့နှင့် ဆက်ဆံရာတွင် သတိထားကိုင်တွယ်ရလျက်ရှိသည်။

ထို့ကြောင့် တီဟီရန် သို့မဟုတ် ရီယာဒ်ကို အခွင့်အလမ်းပိုပေးသည့် အမြင်သဘောထားကို ရှောင်ရှားနိုင်ရန်အတွက် တရုတ်နိုင်ငံသည် သံခင်းတမန်ခင်းအရ ထိတွေ့ဆက်ဆံမှုနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် သာတူညီမျှဆောင်ရွက်နိုင်ရေးမူဝါဒကို တက်ကြွစွာဆက်လက်ဖော်ဆောင်လျက်ရှိသည်။ သာဓကအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ဆော်ဒီအာရေဗျ၊ အီရန်နှစ်နိုင်ငံစလုံးနှင့် ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် အီရန်၊ ဆော်ဒီအာရေဗျတို့နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ သီးခြားစီပြုလုပ်ခဲ့သည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့်ခိုင်မာအားကောင်းသော စီးပွားရေးထူထောင်ကာ အပြန်အလှန်ယုံကြည်မှု တည်ဆောက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလကတည်းကပင် တရုတ်သည် ဆော်ဒီ၊ အီရန်တို့နှင့် ယုံကြည်မှုတည်ဆောက်ခဲ့သည်။ တီဟီရန် သို့မဟုတ် ရီယာဒ်တို့အနေဖြင့် မကျေနပ်ကြောင်း စောဒကတက်လာသည့်အချိန်တွင် တရုတ်သည် သံခင်းတမန်ခင်းအရ အတင်း၊ အလျှော့ပြုလုပ်ကာ ထိတွေ့ဆက်ဆံခဲ့သည်။ ထို့ကြောင့် အီရန်နှင့် ဆော်ဒီတို့ကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်အောင် စေ့စပ်ညှိနှိုင်းကူညီဖြေရှင်းပေးနိုင်ခဲ့သော တရုတ်နိုင်ငံသည် အနာဂတ်တွင် အရှေ့အလယ်ပိုင်းဒေသ၌ အရေးပါသောအခန်းကဏ္ဍမှ ရပ်တည်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Iran, Saudi Arabia Agree to Resume Ties, With China's Help by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်း၍ ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် နံရံဆေးရေးပန်းချီများကို ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်



**ညောင်ဦး မတ် ၁၆**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်း၍ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းအဆောက်အအုံများနှင့် နံရံဆေးရေးပန်းချီများကို ပြုပြင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

အိန္ဒိယနိုင်ငံမှ Archaeological Survey of India ရှေးဟောင်းသုတေသနပညာရှင်များပါဝင်သည့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းဘုရားများနှင့် နံရံဆေးရေးပန်းချီလက်ရာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘုရားစေတီအဆူပေါင်း ၉၀ ထိ ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) ပညာရှင်အဖွဲ့နဲ့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)က ပညာရှင်တွေ ပူးပေါင်းပြီးတော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းအဆောက်အအုံတွေနဲ့ နံရံဆေးရေးပန်းချီတွေ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို လာမဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကနေ စတင်ဆောင်ရွက်သွားဖို့ မတ် ၁၄ ရက်ကစပြီး အသေးစိတ်ဆွေးနွေးညှိနှိုင်းနေကြပါပြီ။ လောလောဆယ်တော့ ပုဂံဘုရားငါးဆူကိုအဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းဖို့နဲ့ အဲဒီဘုရားတွေမှာရှိတဲ့ နံရံဆေးရေးပန်းချီတွေကို ထိန်းသိမ်းဖို့ရှိပါတယ်"ဟု ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

ASH

# Drag Me To Hell နောက်ဆက်တွဲ ဇာတ်ကားအတွက် ပြင်ဆင်မှုများပြုလုပ်နေ

**နယူးယောက် မတ် ၁၆**

Drag Me To Hell ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားအတွက် Ghost House ရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က မတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

Drag Me To Hell (2009) သည် Evil Dead ဒါရိုက်တာ ဆမ်ရိုင်မီး ရိုက်ကူးပေးခဲ့သော ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Drag Me To Hell နောက်ဆက်တွဲဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Ghost House ရုပ်ရှင်ကုမ္ပဏီက စတင်ဖန်တီးနေပြီဖြစ်ကြောင်း ဒါရိုက်တာ ဆမ်ရိုက်မီးက အတည်ပြုထားသည်။

မူလ Drag Me To Hell ဇာတ်ကားသည် ကြွေးမြီပြန်လည်ပေးဆပ်ရမည့်အချိန်ကို တိုးပေးရန် ငြင်းဆန်ခဲ့မှုကြောင့် အဘွားအိုတစ်ဦး၏ ကျိန်စာတိုက်ခံခဲ့ရသော အမျိုးသမီးဘဏ်လုပ်ငန်းရှင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

Drag Me To Hell ဇာတ်ကားတွင် မူလဇာတ်ကားမှ အမျိုးသမီးဇာတ်ကောင်အစား အခြားဇာတ်ကောင်တစ်ဦးကို အဓိကထား၍ ရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

KKO




# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ပန်းနှင်းဆီ ပန်းပုကားချပ်များ တင်ပို့မည်

**ရန်ကုန် မတ် ၁၆**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ပန်းနှင်းဆီ ပန်းပုကားချပ်များ တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ လာမည့်ဧပြီလတွင် မြန်မာပန်းပုလက်ရာ ပန်းနှင်းဆီ ပန်းပုကားချပ်များကို ရှမ်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။



"ပြည်ပမှာ ဖွင့်လှစ်ထားတဲ့ မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို မြန်မာပန်းပုလက်ရာ ဖောက်ပန်းအမျိုးအစား အလျား ၁၄ လက်မ၊ အမြင့် ၃၆ လက်မ၊ ထု ၁ ဒသမ ၅ လက်မ အရွယ်အစား ပန်းနှင်းဆီ ပန်းပုကားချပ် ၁၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ဒီဇိုင်းကတော့ လေးမျိုးလောက်ပြုလုပ်ပေးမှာပါ။ ကျွန်တော်တို့ ကိုယ်ပိုင်အလုပ်ရုံမှာပဲ ပိတောက်သားနဲ့ ပြုလုပ်မှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ပန်းပုကားချပ်တစ်ချပ်ကို ငွေကျပ် ၁၅၀၀၀၀ လောက်ကျသင့်မှာဖြစ်ပါတယ်"ဟု မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ASH

# Bad Boys-4 ဇာတ်ကားတွင် မင်းသမီး ဗာနက်ဆာဟက်ဂျင်း ပါဝင်မည်

**နယူးယောက် မတ် ၁၆**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Bad Boys-4 ဇာတ်ကားတွင် မင်းသမီး ဗာနက်ဆာဟက်ဂျင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး ဗာနက်ဆာဟက်ဂျင်းသည် Bad Boys For Life ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ကောင်နေရာမှာပင် Bad Boys-4 ဇာတ်ကားတွင် သရုပ်ဆောင်မည်ဖြစ်သည်။

Bad Boys-4 တွင် ဗာနက်ဆာဟက်ဂျင်းသည် မင်းသား ဝီလ်စမစ်၊ မာတင်လောရင့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Bad Boys For Life ဇာတ်ကားတွင် မင်းသမီး ဗာနက်ဆာဟက်ဂျင်းသည် လက်နက်ပစ္စည်းကျွမ်းကျင်သူ ကယ်လီအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် Bad Boys-4 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Bad Boys-4 ဇာတ်ကားကို Bad Boys For Life ဒါရိုက်တာများဖြစ်ကြသော အဒီးအယ်အာဘီနှင့် ဘီလားဖာလားတို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO

# ဒဂုံမြို့နယ် Queen Shin Saw Pu ပြခန်းတွင် ပန်းချီ ဆရာ၊ ဆရာမ ခြောက်ဦး၏ ထာဝရပုဂံအွန်လိုင်းပန်းချီပြပွဲ ပြသမည်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Queen Shin Saw Pu ပန်းချီပြခန်းတွင် ပန်းချီဆရာ၊ ဆရာမခြောက်ဦး၏ ထာဝရပုဂံ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

ထာဝရပုဂံ အွန်လိုင်းပန်းချီပြပွဲတွင် လက်ရှိ ပန်းချီဈေးကွက်အတွင်း နာမည်ရပြီးဖြစ်သည့် ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီဆရာမ မမွေး၊ ပန်းချီဆရာ မိုးညို၊ ပန်းချီ ဆရာ လှဘုန်းအောင်၊ ပန်းချီဆရာ မောင်ကျော်စိုးတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၃၀ ကို မတ် ၂၀ ရက်မှ မတ် ၂၄ ရက်ထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ နာမည်ရပြီးဖြစ်တဲ့ ပန်းချီဆရာ၊ ဆရာမ ခြောက်ယောက်ရဲ့ လက်ရာစုံပန်းချီကားတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ထာဝရပုဂံလို့ အမည်ပေးထားတဲ့အတိုင်း ပြသတဲ့ပန်းချီကားအားလုံးက ပုဂံမြင်ကွင်းတွေကို ရှုထောင့်အမျိုးမျိုး၊ ရသအစုံ ခံစားစေမှာဖြစ်ပါတယ်။ မြင်ကွင်းတစ်ခုထဲကို ဆန်းသစ်တဲ့အမြင်နဲ့ လှပတဲ့စုတ်ချက်တွေကို မြင်ရမှာပါ။ ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာတို့လို ရေးကွက်ဆန်းတဲ့ ပန်းချီဆရာမတွေရဲ့ ရေးကွက်တွေကို မြင်တွေ့ရမှာဖြစ်သလို အခြားပန်းချီဆရာတွေရဲ့ ပုဂံမြင်ကွင်းစုံလက်ရာကောင်းတွေလဲ မြင်ရမှာပါ"ဟု မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း ထာဝရပုဂံ အွန်လိုင်းပန်းချီပြပွဲတာဝန်ခံ မသဇင်ကျော့ရှင်းကပြောပြ၍ သိရသည်။ ASH



# Interview with an official from the Political Department, Ministry of Foreign Affairs on the matter of repatriation of the displaced persons from Rakhine State

**Q: Could you please first brief us a detailed account of why the displaced persons from Rakhine State crossed into Bangladesh in 2016 and 2017 as there has been a mixture of speculations and narratives in the media?**

A: There have been numerous media reports, articles and news by various media, particularly foreign media, covering the account of the background of mass displacement from Rakhine State to Bangladesh since 2017. However, almost all of these media coverage are anywise one-sided narratives which never accurately reflect the reality of the ground situation at that time and are based on political agendas.

Actual events in October 2016 and August 2017 originated with coordinated attacks on police outposts and a regiment headquarters in Northern Rakhine State by extremist and members of the ARSA terrorist group. After their coordinated attacks failed, the terrorists impelled and threatened the local residents to abandon their villages so that the displacement took place as per their coordinated plan. The first round of coordinated attacks using firearms, swords, spears, and slingshot crossbows were carried out on 9 October 2016 against the Kyikanpyin Border outpost Headquarters in Maungdaw Township by approximately 90 attackers, the NgaKhuYa Police Station by approximately 300 attackers, and the Kotankauk outpost in Rathedaung Township by approximately 20 attackers. In those raids, 9 policemen were killed and weapons were taken. When the Tatmadaw and the Border Guard Police jointly conducted counter terrorism operations with a view to ensuring prevalence of security, stability, and the rule of law in the region following the attacks, combined forces of extremist and the ARSA with a strength between 300 and 800 people counter-attacked the security forces, resulting in the causalities of security personnel. It is found out that these attacks were orchestrated by Harakah al-Yaqin which later changed its name to Arakan Rohingya Salvation Army (ARSA) as they claimed the responsibility for the 2016 attacks later on 29 March 2017 and that Atta Ullah, a Bengali who used to live in Saudi Arabia, is the leader of the ARSA.

Since the passable success of the attacks in 2016 encouraged the ARAS terrorists, more than a thousand members of the ARSA terrorist group including well-trained extremist villagers launched coordinated and simultaneous attacks against 30 police outposts and a regiment headquarters in Maungtaw district, Rakhine State on 25 August 2017. During these attacks, 11 Myanmar policemen, 2 Tatmadaw soldiers, and one immigration officer were killed. ARSA terrorists not just attacked the security outposts but also committed various terror acts including torching villages of local ethnic people and Hindu faiths as well as their own villages and killings of the family members of local communities. It is reported by the victims of the acts of violence by the ARSA that over 100 Hindus from Khamaungseik and Yebawkya Village were abducted and massacred while 8 adult females were compelled to convert their religion and sent to Bangladesh. Some 300 Hindus were also threatened and forced to cross into Bangladesh. Following information provided by Hindu villagers who managed to flee the massacre and return to Sittway Township, 45 dead bodies of Hindus were found near Yebawkya Village.

Such terrorizing acts and terror-threats of ARSA are the actual account that led to the displacement of people, mostly Bengali, in Rakhine State to the other side of the border.

The international media, however, have always deliberately left and disregard the root causes of the incidents and reality of ground situation which includes terrorist attacks, coercions, threats, killings, burning villages including their own by the ARSA members and associated extremists. Instead, they have always unreasonably portrayed the incidents as if the displacement issue arose due to religious and ethnic implications to exert pressure on Myanmar.

Besides, the sufferings of local ethnic people and Hindus inflicted by violent acts of the ARSA terrorists have been ignored and barely mentioned by any international media.

**Q: Could you please enlighten us about the ongoing talks between Myanmar and Bangladesh for repatriating the displaced persons?**

A: After the incidents in 2016 and 2017, Myanmar and Bangladesh have been negotiating to repatriate the displaced persons who crossed over to Bangladesh at that time.

I would like to highlight that three repatriation instruments have been signed between the two countries. The first instrument is "the Agreement on Return of Displaced Persons from Rakhine State" which was signed by the Minister-level officials of both countries in Nay Pyi Taw on 23 November 2017. The second instrument is the "Terms of Reference (TOR) for the Joint Working Group on the Repatriation of Displaced Myanmar Residents from Bangladesh" which was signed by the Permanent Secretary-level officials from Ministries of Foreign Affairs of both countries in Dhaka on 19 December 2017. The third instrument is the "Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Return of Displaced Persons from Rakhine State" which was also signed by the Permanent Secretary-level officials from Ministries of Foreign Affairs of both countries in Nay Pyi Taw on 16 January 2018.

The Government of Myanmar is proceeding with the implementation of the repatriation process in accordance with those bilateral instruments. And it is important to note that Myanmar will only receive those who crossed over to Bangladesh after 9 October 2016 and 25 August 2017 as per the bilateral agreements. Regarding the repatriation process, the Chairman of the State Administration Council expressed in a statement on 8 February 2021 that relevant agreements will be implemented through bilateral discussions if they are not harmful to the national interest.

It should be noted that Myanmar will verify and receive the displaced persons based on the five criteria for eligibility to return as outlined in the instruments. Those five criteria for eligibility to return, adding one criterion to the four criteria stated in the 1992 repatriation process between Myanmar and Bangladesh, are "(i) Returnees must be residents of Myanmar, (ii) Returnees must be the ones who voluntarily wish to return to Myanmar by themselves, (iii) The members of split families and their left behind members, and orphans need to be certified by a Court of Bangladesh, (iv) Both parents of additional offspring born on the other side of the border must be residents of Myanmar, and (5) Children born out of unwarranted incidents are to be certified by a Court of Bangladesh".

I would like to let you know that the Myanmar side keeps checking and verifying the verification forms of displaced persons sent by the Bangladesh side in accordance with the five criteria for eligibility to return.

I would also like to share information regarding the ongoing bilateral talks between Myanmar and Bangladesh based on the bilateral instruments. The key negotiation mechanism between the two countries for the repatriation process is the meeting of the Joint Working Group on the Repatriation of Displaced Myanmar Residents from Bangladesh. The Joint Working Group (JWG) meetings were held four times in January, May, and October of 2018, as well as in May of 2019.

Due to the COVID-19 pandemic, JWG meetings were unable to take place for three year; nevertheless, the 5th meeting of the Joint Working Group between Myanmar and Bangladesh was held in virtual format on 14 June 2022. The 5th JWG meeting was co-chaired by U Chan Aye, Permanent Secretary of the Ministry of Foreign Affairs and Mr. Masud Bin Momen, Foreign Secretary of Ministry of Foreign Affairs of Bangladesh, and attended by the Joint Working Group (JWG) members from respective ministries of both sides.

At the meeting, both sides exchanged views on how to resolve difficulties encountered during the verification process, preparation works done prior to the commencement of repatriation of verified displaced persons, resettlement plans for prospective returnees, and both sides agreed to further cooperate on repatriation and verification process, to commence repatriation under a Pilot Project and to issue court certificates by relevant Bangladesh courts for children born by the displace persons in Bangladesh.

Besides the JWG meetings, the two countries has formed the Ad Hoc Task Force for Verification of Displaced Persons from Rakhine State late in the 2021 in order to discuss challenges encountered in verification process. The first meeting of the Ad Hoc Task Force of both sides was held via video conference on 27 January 2022, followed by the second virtual meeting held on 16 September 2022.

All these measures reflect the Myanmar's commitment to continue and maintain its sincere cooperation with Bangladesh for the successful implementation of the repatriation of displaced persons from Rakhine State in line with the bilateral agreements.

**Q: There are some criticism over the progress of repatriating displaced persons. Would you like to response to that matter?**

A: Following the negotiations between Myanmar and Bangladesh to kick off the repatriation process, two attempts were made to commence the repatriation on 15 November 2018 and 22 August 2019 respectively. On both occasions, Myanmar had fully arranged everything with Bangladesh at the border to launch repatriation process. The numbers of the prospective returnees agreed upon by the both sides to receive were 2,260 for the first attempt and 3,450 for the second one.

Officials from Myanmar, accompanied by the representatives from the ASEAN Secretariat, the ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) and the ASEAN-Emergency Response and Assessment Team (ASEAN-ERAT), were waiting at the border gate to receive the prospective returnees on both occasions.

However, due to the threats and intimidations from destructive elements and terrorists in the camp, as well as various pressures on those displaced persons who wish to come back, the scheduled repatriations did not occur. I would like to emphasise that Myanmar has always been ready to receive the verified displaced persons since the first attempt but any of those have not been sent back to Myanmar up to this point.

I believe that it explained why the repatriation process has not been able to start until now, but there exist misperceptions from some countries and international media that Myanmar hesitates to start the repatriation process based on unfounded allegations and fabricated narratives. *See Page 13*

*From Page 12*

**Q: I would like to know if there are any further negotiations between the two countries to begin the repatriation of displaced people.**

**A:** Notwithstanding the failure of two attempts to kick off repatriation, the Myanmar side continues to negotiate with the Bangladesh side to repatriate verified displaced persons in accordance with the bilateral instruments. The negotiations are currently underway between the two countries to start the repatriation of around 1,000 verified displaced persons under a pilot project.

As there naturally are newborn children of the displaced persons, the Bangladesh side has already agreed to issue the court certificates for those newborns to certify that they were born in Bangladesh. In order to verify them, the Myanmar side will check not only the court certificates but the past residency of the parents whether they are displace persons from Rakhine State crossed into Bangladesh in 2016 and 2017, in line with the bilateral instruments. Furthermore, as the prospective returnees wish to return to Myanmar family-wise, all the members of the households are being checked by the Myanmar immigration authorities.

The relevant ministries are coordinating and undertaking the preparatory works, including the measures to prevent, control and treat COVID-19, for the smooth and successful reception of displaced persons under the pilot project.

**Q: What are the key challenges encountered in implementing the repatriation process and how Myanmar is coping with them?**

A: The main challenge for Myanmar is to verify data of individuals sent by the Bangladesh side such as names, addresses, and family members filled in the verification forms are inconsistent with the official data of the registered family household lists updated annually on the ground by the relevant authorities of Myanmar in Rakhine State, and that makes the verification laborious.

Furthermore, the concerned Bangladeshi authorities filled out the verification forms according to the pronunciation in local dialects of the displaced persons that do not match with the spellings used in the official family household lists of Myanmar. In addition, some have filled out the verification forms with their last addresses instead of official address registered in the family household lists. Some displaced persons might have also got married or divorced while in Bangladesh which makes the Myanmar Immigration authorities difficult to verify.

As I previously stated that Myanmar will only receive individuals who meet the five criteria for eligibility for return, it is thus imperative that the verification forms of the displace persons need to be filled in with accurate and complete data in line with the registered lists of family household in Rakhine State.

Despite the criticism stem from incomprehension of the difficulties and complexities involved in the verification process, Myanmar will address the challenges through the Ad-Hoc Task Force for verification mechanism between Myanmar and Bangladesh.

Moreover, unconstructive perceptions, that Myanmar is not committed to start the repatriation process based on groundless allegations and fictitious narratives, are not supportive and conducive to the successful implementation of the repatriation process. It is also blatantly disregarding the underlying reasons why no displaced persons returned at the two previous repatriation attempts by the Myanmar side.

Regarding the causes of failure of the two attempts for the commencement of repatriation, it is learnt that the main obstacle to commence the repatriation process is the presence of the Hardline groups and elements of the ARSA terrorists mingling with the displaced persons inside the camps in Cox's Bazar. They are reportedly threatening the displaced persons not to return otherwise they will be killed even upon their return to Myanmar. In addition, some so-called Bengali activists reportedly do not want the commencement of repatriation and are advocating for denial to return and demands to fulfill their political agenda. Thus, even though Myanmar is best prepared to receive the verified displaced persons, it would be difficult to start the repatriation if the threats and pressures still exist.

I would like to stress that Myanmar has made all necessary arrangements and preparations to receive the verified returnees since the first attempt. Myanmar always looks forward to receiving supportive cooperation from the Bangladesh side to send the verified displaced persons back to Myanmar in order to practically kick-start the repatriation process.

Therefore, it could be obviously observed that Bangladesh will also have to work shoulder to shoulder with Myanmar while understanding the challenges encountered by the both sides so that the repatriation will soon be implemented in accordance with the bilateral arrangements.

**Q: Do you have any additional comments to share on the repatriation process?**

**A:** The State Administration Council continues bilateral negotiations with Bangladesh and preparatory works to implement the repatriation process in accordance with the bilateral instruments since taking the responsibilities of the State. And the verification process for displaced persons from Rakhine State has never been halted. Besides, new technical-level mechanisms between Myanmar and Bangladesh for repatriation and verification of the displaced persons have been established under the current Myanmar Government while continuing the existing JWG meeting mechanisms.

Furthermore, relevant committees and ministries are also taking preparatory measures such as renovation of reception and transit centers, including livelihoods, security and access to education and health services at the resettlement places to create conducive conditions for the prospective returnees under the pilot project.

It is reported that some foreign nations have expressed their concerns about the developments of the internal affairs of Myanmar would impact the efforts to start the repatriation of displaced persons from Rakhine State. On the contrary, I would like to reiterate that Myanmar keeps its commitment to implement the repatriation process and its efforts to make necessary arrangements to receive the verified displaced persons in accordance with the bilateral instruments and the existing laws.

Additionally, it is advisable to be cautious not to fall for the one-sided news that is based on false narratives and fabricated information crafted by some international media and so-call Bengali activists to mislead the readers to achieve their political motive.

It is also important to highlight that the number of the displaced persons is inaccurately inflated by some foreign media and countries, stating that 1.1 million displaced persons is living in the Cox's Bazar Camps. However, according to the official registered lists of family household in Rakhine state which are taken door to door annually by the relevant authorities, the number of people who left Rakhine State for Bangladesh after the 2016 and 2017 incidents is just around half a million people. Furthermore, there are just 6,365 verified individuals who remain to be repatriated from Bangladesh under the 1992 repatriation process but no one has returned to Myanmar since 2005 due to their own reasons. Therefore, regarding the exaggerated number of displaced persons, I would like to underscore that the Myanmar side will only repatriate the verified displaced persons who entered Bangladesh from Rakhine State after 2016 and 2017 including newborn children who meet the five criteria for eligibility to return.

In conclusion, as the bilateral cooperation is the only mean to resolve the current repatriation issue, Myanmar, in view of the good-neighbourly relations between the two countries, will continue to cooperate with Bangladesh in good faith for the successful implementation of the repatriation of displaced persons from Rakhine State in line with the bilateral instruments.

# Kayan and Thongwa townships harvest new green beans getting good prices

**Yangon March 16**

New green beans are available in Kayan and Thongwa townships in Yangon Region, and they are getting good prices, according to Department of Consumer Affairs for Yangon Region released on March 11.

In Yangon Region, green beans are being cultivated as a winter crop, and 361,078 acres were planted in 2021-2022 FY.

As the yield per acre was 14.93 baskets in the 2021-2022 FY in Yangon Region, a total of 5,391,543 baskets (over 170,000 tons) of green beans were produced.

Therefore, in the winter season of 2022-2023 FY, 361,357 acres of green beans were planted, and the estimated yield per acre was targeted to produce 14.45 baskets.

Therefore, Yangon Region will produce 5,221,609 baskets (more than 170,000 tons) of green beans in this fiscal year.

In the Yangon region, the green bean crop is mostly grown in Thongwa, Kayan, Kyauktan and Thanlyin townships.

In these areas, when the green bean market opened last year, it was purchased at 46,200 kyats per basket.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဖင်လန်ဝန်ကြီးချုပ်က ယူကရိန်းသို့ F/A-18 Hornet တိုက်လေယာဉ်များပေးပို့ရန် ပြောကြား



ယူကရိန်းနိုင်ငံသည် ပိုမိုအဆင့်မြင့်သော လက်နက်စနစ်များရရှိရန် တောင်းဆိုထားသောကြောင့် ဖင်လန်နိုင်ငံဝန်ကြီးချုပ်က ပြည်တွင်း၌ ဝေဖန်မှုများကြုံတွေ့နေရသော်လည်း ယူကရိန်းကို F/A-18 Hornet တိုက်လေယာဉ်များ ပေးပို့သွားရန် ပြောကြားခဲ့ကြောင်း Defense Post တွင် မတ် ၁၄ ရက်က ရေးသားဖော်ပြခဲ့သည်။

အထူးသဖြင့် ရုရှား၏ဒုံးကျည်တိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှုများကို ခုခံကာကွယ်ရန်အတွက် အဓိကကျသော အမေရိကန်ထုတ် F-16 တိုက်လေယာဉ်များကို ယူကရိန်းနိုင်ငံက တောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။

ဖင်လန်သည် လက်ရှိတွင် F/A-18 Hornet တိုက်လေယာဉ်များ ပိုင်ဆိုင်ထားချိန်တွင် ထပ်မံ၍ အင်အားဖြည့်တင်းရန် အမေရိကန်နိုင်ငံရှိ Lockheed Martin ကုမ္ပဏီထံမှ F-35A ဘက်စုံသုံးတိုက်လေယာဉ် ၆၄ စင်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက မှာယူထားကြောင်း ကြေညာခဲ့သည်။

"ကျွန်မတို့မှာ F-35 တိုက်လေယာဉ်အသစ်တွေ ရောက်လာဖို့ရှိနေပါတယ်။ ဒီ Hornet အဟောင်းတွေကို ဖျက်သိမ်းလိုက်တဲ့အခါ သူတို့ရဲ့အနာဂတ်အသုံးပြုမှုကို ဆွေးနွေးနိုင်ပါတယ်"ဟု ဝန်ကြီးချုပ် Sanna Marin က မတ် ၁၃ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

သို့သော်လည်း ဖင်လန်နိုင်ငံက ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ထုတ်လုပ်ခဲ့သည့် မော်ဒယ်လ် တိုက်လေယာဉ်များကို အစားထိုးရန် စီစဉ်နေသော်လည်း လေယာဉ်သစ်သည် ၂၀၂၅ ခုနှစ်ထိ ရောက်ရှိလာနိုင်ဦးမည်မဟုတ်ပေ။

ယူကရိန်းပဋိပက္ခ စတင်ချိန်မှစ၍ အနောက်နိုင်ငံအစိုးရများသည် ယူကရိန်းသမ္မတ ဇီလန်စကီး၏ လေယာဉ်များအတွက် တောင်းဆိုချက်ကို လျစ်လျူရှုငြင်းဆိုခဲ့သည်။ အကြောင်းမှာအလွန်ခေတ်မီဆန်းပြားသော စစ်လေယာဉ်များပို့ဆောင်ခြင်းသည် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် ရုရှားနှင့်တင်းမာမှုများ ဖြစ်ပေါ်စေမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

သို့သော် ဇန်နဝါရီလတွင် အကြီးစားတင့်ကားများ ပံ့ပိုးရန် ကတိပြုခဲ့ကြကာ ရုရှားအပေါ် ကနဦးဆန့်ကျင်လုပ်ဆောင်လာမှုများအပါအဝင် အခြားနေရာများတွင် လက်သင့်ခံနိုင်ဖွယ်မရှိသော အနီရောင်မျဉ်းများကို ဖြတ်ကျော်ခဲ့ကြကြောင်း ကျွမ်းကျင်သူများက မှတ်ချက်ပြုခဲ့သည်။

ဥရောပနိုင်ငံတချို့သည် တိုက်လေယာဉ်များပေါ်တွင် ၎င်းတို့၏ရပ်တည်ချက်ပျော့ပျောင်းလာသော်လည်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ဖေဖော်ဝါရီလအတွင်းက ABC News နှင့်တွေ့ဆုံမေးမြန်းခန်း၌ ယူကရိန်းအနေဖြင့် ယခုအချိန်တွင် F-16 တိုက်လေယာဉ်များ မလိုအပ်ကြောင်း အတိအလင်းကြေညာခဲ့သည်။

Marin သည် ယူကရိန်းမြို့တော်ကို လာရောက်လည်ပတ်စဉ်အတွင်း ဤကိစ္စကို ဆွေးနွေးရန် ပွင့်ပွင့်လင်းလင်းရှိကြောင်း သတင်းထောက်များကို ပြောကြားနေချိန်တွင် ဝန်ကြီးချုပ်ကို ပြည်တွင်းမှ ဝေဖန်ကန့်ကွက်မှုများရှိနေခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ တိုက်လေယာဉ်များကို ယူကရိန်းထံသို့ လွှဲပြောင်းပေးနိုင်မည်လား၊ Hornet များအကြောင်း ဆွေးနွေးနိုင်မည်လား၊ ၎င်းတို့နှင့်တွဲပြီး မည်သို့လေ့ကျင့်မှုများ လိုအပ်နိုင်မလဲဟု ဖင်လန်နိုင်ငံ ဝန်ကြီးချုပ် Sanna Marin က ဆိုသည်။

ဆုံးဖြတ်ချက်များ မချရသေးကြောင်း Marin က အလေးပေးပြောကြားခဲ့ပြီး ထိုသို့လုပ်ဆောင်မှုသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Finnish PM Open to Discussing Donating F/A-18 Hornets to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဒရုန်းတိုက်ခိုက်မှုများကိုတုံ့ပြန်ရန် ရုရှားစစ်ဘက်က ZSU-23-4 လေယာဉ်ပစ်အမြောက်စနစ်များ ယူကရိန်းတွင် တပ်ဖြန့်အသုံးပြု

ရုရှားစစ်ဘက်သည် ဒရုန်းတိုက်ခိုက်မှုများကို တုံ့ပြန်ရန် ၁၉၆၀ ပြည့်နှစ်လွန်ကာလများတွင် စတင်အသုံးပြုခဲ့သော Shilka အမည်ရ ဆိုဗီယက်ခေတ်ထုတ် ZSU-23-4 လေယာဉ်ပစ်အမြောက်စနစ်များကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် ပိုမိုဆောင်တပ်ဖြန့်အသုံးပြုနေကြောင်း Army Recognition သတင်းရင်းမြစ်က မတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Shilka လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ကနဦးစတင်ထုတ်လုပ်စဉ်က အနိမ့်ပျံလေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။ သို့သော်လည်း ၎င်းကိုမြေပြင်ပစ်မှတ်များနှင့် ဒရုန်းများ တိုက်ခိုက်ရာတွင်လည်း အသုံးပြုနိုင်သည်။

ယူကရိန်းပဋိပက္ခတွင် စစ်လက်နက်ပစ္စည်းများနှင့် ခေတ်မီတိုက်ခိုက်ရေးယာဉ်များ ဆုံးရှုံးမှုမရှိစေရန် ရုရှားစစ်ဘက်သည် T-62 အပါအဝင် သံချပ်ကာယာဉ်များနှင့် တင့်ကားများအတွက် ခေတ်မီ၊ အဆင့်မြင့်တင်ရေးအစီအစဉ်များကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ၎င်းတို့သည် MT-LB ကဲ့သို့သော ချိန်းတပ်ယာဉ်များပေါ်တွင် လေယာဉ်ပစ် အမြောက်စနစ်ကိုလည်း အသုံးပြုခဲ့ကြသည်။

ထို့ပြင် ရုရှားနိုင်ငံသည် ZSU-23-4 လေယာဉ်ပစ် အမြောက်စနစ်များကို ယူကရိန်းရှိ ရုရှားတပ်ဖွဲ့ဝင်များထံ ပေးပို့လျက်ရှိပြီး ဒရုန်းတိုက်ခိုက်ရေးနှင့် မြေပြင်ပစ်မှတ်များကို ဖျက်ဆီးရန်အတွက် ထိရောက်သောလက်နက်အဖြစ် ဆက်လက်အသုံးပြုနိုင်နေဆဲလည်းဖြစ်သည်။

ZSU-23-4 လေယာဉ်ပစ်အမြောက်စနစ်သည် လေယာဉ်ကိုတိုက်ခိုက်ရန်အတွက် မူလက ဒီဇိုင်းထုတ်ထားသည့်စနစ်ဖြစ်သည်။ သို့သော်လည်း ဒရုန်းများကို ရှာဖွေထောက်လှမ်းခြင်းနှင့်တုံ့ပြန်၊ တိုက်ခိုက်ဖျက်ဆီးခြင်းအတွက်လည်း အသုံးပြုနိုင်သည်။ စနစ်တွင်အသုံးပြုထားသည့် ရေဒါသည် သေးငယ်သောဒရုန်းများကို ထောက်လှမ်းနိုင်ပြီး ၎င်းတို့ကို ပစ်ချရန်အတွက် ၂၃ မီလီမီတာ အမြောက်လေးလက်ကို အသုံးပြုနိုင်သည်။

ယူကရိန်းစစ်ဘက်အတွက် ဂျာမနီနိုင်ငံမှ သံချပ်ကာယာဉ်၊ ချိန်းတပ်ယာဉ်များပေါ် တပ်ဆင်ထားသည့် Gepard လေယာဉ်ပစ်အမြောက်စနစ် ဖွံ့ဖြိုးတည်ဆောက်ပုံနှင့် စွမ်းဆောင်ရည်သိပ်မကွာလှပေ။ Gepard လေယာဉ်ပစ်အမြောက်စနစ်ကို ဂျာမနီကုမ္ပဏီ Krauss-Maffei Wegmann (KMW) က ၁၉၇၆ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်ကြားတွင် တီထွင်ထုတ်လုပ်ထားခဲ့သော်လည်း မောင်းသူမဲ့လေယာဉ်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်ဆဲဖြစ်သည်ဟု ယူကရိန်းစစ်ဘက်က ပြောကြားချက်များကို ကိုးကား၍ သတင်းရင်းမြစ်များက ရေးသားထားသည်။



ရုရှားနိုင်ငံထုတ် ZSU-23-4 လေယာဉ်ပစ်အမြောက်စနစ်တွင် ရေဒါတစ်ခုနှင့် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်တစ်ခု တပ်ဆင်ထားပြီး အကွာအဝေး ၁၂ ကီလိုမီတာ (၇ ဒသမ ၅ မိုင်) အတွင်း ပစ်မှတ်များကို ထောက်လှမ်းခြေရာခံကာ အများဆုံးအကွာအဝေး ၂ ဒသမ ၅ ကီလိုမီတာ (၁ ဒသမ ၅ မိုင်)အတွင်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းတွင် တစ်မိနစ်လျှင် အတောင့် ၄၀၀၀ ထိ ပစ်ခတ်နိုင်သော 23mm အော်တိုမက်တစ်အမြောက်လေးလက်ပါရှိပြီး ဝေဟင်နှင့် မြေပြင်ပစ်မှတ်များကို ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်သောလက်နက်ဖြစ်သည်။

ZSU-23-4 လေယာဉ်ပစ်အမြောက်စနစ်သည် လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်သွားယာဉ်များနှင့် ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များအပါအဝင် ပစ်မှတ်အမျိုးမျိုးကို ပစ်ခတ်တိုက်ခိုက်နိုင်သည်။ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးအနေဖြင့် စနစ်၏ရေဒါသည် ပစ်မှတ်ငယ်များကို ထောက်လှမ်းနိုင်ပြီး ၂၃ မီလီမီတာအမြောက်များ၏ ပစ်ခတ်မှုနှုန်းမြင့်မားခြင်းသည် ဒရုန်းများကို ပစ်ချရာတွင် ထိရောက်မှုရှိနိုင်သည်။

**Russia sends to Ukraine old Soviet-made ZSU-23-4 anti-aircraft gun systems to counter drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပုသိမ်ဒေသထွက် ပုသိမ်ထီးများ ဝယ်ယူသူများသောကြောင့် အရောင်းအဝယ်ကောင်းလာ



**ပုသိမ် မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဒေသထွက် မြန်မာ့လက်မှုထုတ်ကုန် ပုသိမ်ထီးများ ဝယ်ယူသူများပြားသောကြောင့် အရောင်းအဝယ် ကောင်းမွန်လာကြောင်း ပုသိမ်မြို့ရှိ ပုသိမ်ထီးလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြ၍သိရသည်။

ပုသိမ်မြို့ဒေသထွက် ပုသိမ်ထီးများကို ပင်လယ်ကမ်းခြေဒေသများဖြစ်သည့် ချောင်းသာ၊ ငွေဆောင်၊ ရွှေသောင်ယံကမ်းခြေများသို့ လာရောက်လည်ပတ်သည့်ခရီးသွားများက ပုသိမ်ထီးလုပ်ငန်းကို လာရောက်လေ့လာကြည့်ရှုပြီး ဝယ်ယူလျက်ရှိကြောင်း၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ မော်လမြိုင်မြို့ စသည့်ဒေသများက ရှင်ပြုမင်္ဂလာပွဲများ၊ ဖျော်ဖြေရေး အခမ်းအနားများ၊ မင်္ဂလာညေ့ခံပွဲများနှင့်သင်္ကြန်မဏ္ဍပ်များတွင်အသုံးပြုရန် ဝယ်ယူခြင်း၊ ခရီးသွားကုမ္ပဏီများ၊ ကုမ္ပဏီအမှတ်တံဆိပ်များ အော်ဒါပြုလုပ်ပေးရခြင်း၊ စားသောက်ဆိုင်များတွင် ပုသိမ်ထီးများဖြင့် အလှဆင်ခြင်း၊ ပင်လယ်ကမ်းခြေနှင့် ဟိုတယ်များတွင် အလှဆင်အသုံးပြုရန်အတွက် ဝယ်ယူခြင်းတို့ကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုနှစ် ပုသိမ်မှာရှိတဲ့ကမ်းခြေတွေကို ခရီးသွားတွေလာရောက်လည်ပတ်တာ ပိုများလာတာကြောင့် ပုသိမ်ထီးက အရောင်းအဝယ် တော်တော်လေးသွက်နေပါတယ်။ အခြားဒေသတွေကို ဇန်နဝါရီလကနေ ဒီကနေ့ထိတင်ပို့ရောင်းချနေရပါတယ်။ ပုသိမ်ထီးကို အမျိုးသမီးအများစုကတော့ အလှူမင်္ဂလာ၊ ပွဲလမ်းသဘင်တွေမှာ ဖက်ရှင်တစ်ခုအနေနဲ့ အသုံးပြုတာပါ။ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ၊ ခရီးသွားကုမ္ပဏီတွေမှာတော့ အလှဆင်ပစ္စည်းအဖြစ်သုံးပါတယ်"ဟု ပုသိမ်မြို့ရှိ ပုသိမ်ထီးလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

အဆိုပါပုသိမ်ထီး လေးလက်မအရွယ်အစားမှ ၁၀ လက်မအရွယ်အစားထိ တစ်လက်လျှင် ငွေကျပ် ၃၀၀၀ မှ တစ်သိန်းကျော်ထိ အရွယ်အစားအလိုက် ဈေးနှုန်းကွာခြားမှုရှိကြောင်း၊ ပုသိမ်ထီးကို ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီး၊ အလှဆောင်းထီး၊ မိုးရေခံထီး၊ အိမ်တော်ရာထီး၊ စားပွဲတင်ထီး၊ မီးအိမ်ထွန်းထီး၊ ဟိုတယ်အလှဆင်ထီး၊ ကမ်းခြေသုံးထီး စသည့်ပုံစံအမျိုးမျိုး ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် လှေ့ဝန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် မတ် ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သစ်မြို့နယ် လှေ့ဝန်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦး၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ လှေ့ဝန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာပြည်သူများကို ဆောင်ရွက်ပြီး လုပ်ငန်းများ မပျက်စီးအောင်၊ ရေရှည်ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



လှေ့ဝန်းကျေးရွာတွင် အရှည် ၆၁၅ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃၆ သိန်းတို့ဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာပံ့ပိုးအနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပေးနိုင်မှုကြောင့် လှေ့ဝန်းကျေးရွာရှိ အိမ်ခြေ ၁၁၇ အိမ်ရှိ လူဦးရေ ၅၁၈ ဦးတို့၏ သွားလာရေး ပိုမိုလွယ်ကူချောမွေ့လာပြီး လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**

# တာချီလိတ်မြို့နယ် မယ်ပိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တာချီလိတ် မတ် ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မယ်ပိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့သင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ရရှိလာသော စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ ရန်ပုံငွေကျပ် သိန်း ၃၄၀ ကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက မယ်ပိန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၃ ဦးတို့အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအခရာဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လောင်ကျွမ်းဆုံးရှုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၆-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဓားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိတ္ထီလာမြို့နယ် ရေစက်ရုံအမှတ်(၅)ဖွင့်ပွဲနှင့် ပျော်ဘွယ်မြို့နယ် ယင်းတော်လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲကျင်းပ




**မန္တလေး မတ် ၁၆**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိတ္ထီလာမြို့နယ် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ ရေစက်ရုံအမှတ်(၅)ဖွင့်ပွဲနှင့် ပျော်ဘွယ်မြို့နယ် ယင်းတော်လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများကို မတ် ၁၅ ရက် နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေစက်ရုံအမှတ်(၅) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က စက်ရုံကိုဖွင့်လှစ်ပေးပြီး စက်တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ရေစတင်ဖြန့်ဖြူးပေးပြီး ဒေသခံပြည်သူများကို နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ယင်းတော်လျှပ်စစ်ဓာတ်အားခွဲရုံကို ဖွင့်လှစ်ပေးကာ ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးထွန်းထွန်းဆွေက ယင်းတော်ဓာတ်အားခွဲရုံ၏သမိုင်းကြောင်း၊ ဓာတ်အားရယူဖြန့်ဖြူးပေးထားမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားများကို ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မိတ္ထီလာခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တွေ့ဆုံပြီး ဆန်စက်၊ ချည်ဆေးဆိုး၊ ငါးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



**မန္တလေး မတ် ၁၆**

မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မတ် ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်းနှင့် MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ဖြည့်စွက်ရှင်းလင်းချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာစက်မှုဇုန်ရှိ ဆန်စက်လုပ်ငန်းရှင် ဦးအောင်ဇင်မင်းထိုက်၏ အောင်သစ္စာဆန်စက်သို့ သွားရောက်၍ တစ်နာရီလျှင် နှစ်တန်ကျ ခြောက်ဗန်းအရောင်ရွေးစက်ကြီးဖြင့် အခြောက်ခံစပါးများကို အချောထည်သန့်စင်ဆန်များထွက်သည်ထိ အဆင့်ဆင့်လုပ်ဆောင်နေမှုများကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ်တွင် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များစုပေါင်းတည်ထောင်ထားသည့် LEADERS Of TEXTILE PUBLIC ကုမ္ပဏီ၏ ချည်ဆေးဆိုးစက်ရုံသို့လည်းကောင်း၊ ကွဲတပ်ကျေးရွာရှိ ဦးသန်းထွန်း၏ ငါးမွေးမြူရေးလုပ်ငန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးလုပ်ငန်းဦးစီးဌာန ကူမဲငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်းနှင့် ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်တို့က ငါးလုပ်ငန်းဦးစီးဌာန၏ ရည်ရွယ်ချက်များ၊ ကူမဲငါးလုပ်ငန်းစခန်း၌ ငါးမှုန်၊ ငါးတန်မျိုးငါး မွေးမြူထားရှိမှု၊ တစ်နှစ်လျာထားအကောင်ရေ၊ ထုတ်လုပ်သည့်အကောင်ရေနှင့်၂၀၂၃-၂၀၂၄ လျာထားအကောင်ရေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး စခန်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights - UDHR) နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်ချက် အမှတ် (၃ / ၂၀၂၃) ထုတ်ပြန်

၁။ လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်ဆိုသည့်စာသားဖြင့် အစပြုခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR)ကို နိုင်ငံများနှင့် လူသားအားလုံးတို့ ဆောင်ရွက်ရမည့် အားလုံးနှင့်ဆိုင်သော စံတစ်ရပ်အဖြစ် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ထိုအချိန်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်မှု ရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင် “လူတိုင်း၊ အဖွဲ့အစည်းတိုင်းသည် ဤကြေညာစာတမ်းကို အစဉ်နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားကြစေရန် သင်ကြားခြင်း၊ အသိပညာပေးခြင်းဖြင့် အားထုတ်ကြစေရန်” ဟု ဖော်ပြပါရှိရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူများ သိရှိနားလည်စေရေး နည်းလမ်းအမျိုးမျိုးအသုံးပြု၍ အသိပညာပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးကပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အောက်ပါလှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ၊ ဌာနတွင်း လူ့အခွင့်အရေးအသိပညာပေးသင်တန်းအပါအဝင် သင်ခန်းစာပို့ချမှုများတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းကို အဓိကဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်း၍ ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်ကာလထိ အစဉ်တစိုက် ဟောပြောပို့ချမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုကာ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့သည့်အပြင် ကြေညာစာတမ်းပါအခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အလွယ်တကူ လက်လှမ်းမီသိရှိ နားလည်နိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းသား ဘာသာစုစုပေါင်း ၂၁ မျိုးထိ ဘာသာပြန်ဆို ပုံနှိပ်ဖြန့်ချိခြင်း၊

(ဂ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူ အလွယ်တကူ လက်လှမ်းမီ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပိုစတာအား ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အိတ်ဆောင်စာအုပ်ကို ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အသီးသီးပုံနှိပ်ဖြန့်ချိခြင်း၊

(ဃ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အမြင်အာရုံမသန်စွမ်းသူများ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မျက်မမြင်လက်စမ်းစာအုပ် (Braille)ကို မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)နှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခြင်း။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ ယခု ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အလေးပေးထင်ဟပ်ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ထိ တစ်နှစ်တာကာလပတ်လုံးကို ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များကို "75 UDHR Campaign" အမည်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း အဆိုပါ "75 UDHR Campaign" တွင် ပူးပေါင်းပါဝင်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အသိပညာပေးလှုပ်ရှားမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဖော်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်

# နိုင်ငံရေးပါတီတည်ထောင်ခွင့် နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၆**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ(Myanmar Farmer's Development Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၂၁ ပါတီဖြစ်၍ စုစုပေါင်း ၂၇ ပါတီ ဖြစ်သည်။ ယင်း ၂၇ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ခုနစ်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၀ ဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ် သံတွဲမြို့နယ် (၈)ရပ်ကွက် (၅)လမ်း အမှတ်(၂၅၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် မတ် ၁၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ အလံပုံစံ



ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ တံဆိပ်ပုံစံ

R.S.N.U.P

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီ ၂၀ ကို လိုင်စင်ရုပ်သိမ်း

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နေပြည်တော်**
**သတင်းထုတ်ပြန်ချက်**

၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ ၂၀ သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှု မရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) ကို ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ် (၁/၂၀၂၃) ဆုံးဖြတ်ချက်အရ ရုပ်သိမ်းလိုက်သည်-

(၁) Oake Khaung Travels & Tours Co., Ltd
(၂) Senjo Royal Myanmar Co., Ltd
(၃) Dawei Popular Co., Ltd
(၄) Zam Myo Co., Ltd
(၅) Phyo Thet (PT) Co., Ltd
(၆) Sky Bound Co., Ltd
(၇) Myanmar MCG Corporation Ltd
(၈) Htwe and Htwe Family Co., Ltd
(၉) Won Won Co., Ltd
(၁၀) United Eleven Co., Ltd
(၁၁) Tun Yama Co., Ltd
(၁၂) Myanmar Alinkar Hotel Group Co., Ltd
(၁၃) Cartel Co., Ltd
(၁၄) Super Phoneix Co., Ltd
(၁၅) Golden Falcon Shipping Co., Ltd
(၁၆) Fairness Travels & Tours Co., Ltd
(၁၇) Yadanar Bon Travels & Tours Co., Ltd
(၁၈) Myanmar National Airlines Co., Ltd
(၁၉) Dewant Financial Loan Microfinance Co.,Ltd
(၂၀) Treasure Su Co., Ltd

# တော်ဝင်မိုင်းယောင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်က စပါးများကြိတ်ခွဲဆောင်ရွက်လျက်ရှိ



**နေပြည်တော် မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ နန့်ယွန်းကျေးရွာတွင် တော်ဝင်မိုင်းယောင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်ကို ၂၀၂၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အသင်းပိုင်ဆန်စက်လုပ်ငန်းအတွက် လိုအပ်သော စပါးများကို လွယ်ကူစွာဝယ်ယူရရှိနိုင်စေရန်နှင့် ဒေသတွင်းဆန်ဖူလုံစေရန်အတွက် စပါးစိုက်တောင်သူများကို စုစည်း၍ သမဝါယမအသင်း ကိုးသင်းကို ဖွဲ့စည်းခဲ့ပြီး တောင်သူများနှင့်ချိတ်ဆက်၍ စပါးဝယ်ယူကြိတ်ခွဲဆောင်ရွက်လျက်ရှိသည်။

အသင်းအနေဖြင့် ဒေသခံတောင်သူများထံမှ ဒေသထွက်စပါး မော်ဘီ-၃ နှင့် ကောက်ညှင်းစပါးများဝယ်ယူ၍ အသင်းပိုင်ဆန်စက်တွင် တစ်ရက်လျှင် တန် ၃၀ (အိတ် ၁၀၀၀) ကြိတ်ခွဲနိုင်ပြီး ဆန်လုံးချောများကို ကီလိုဂရမ်ဖြင့် အသင်းသားများနှင့် စားသုံးသူများထံသို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၃)ရပ်ကွက် လသာအောက်လမ်း အမှတ်(၆၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ အလံပုံစံ




ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ တံဆိပ်ပုံစံ

ပြည်သူ့ရှေ့ဆောင်ပါတီ PPP PEOPLE'S PIONEER PARTY

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် (၁၉)လမ်း အိမ်အမှတ်(၁၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် မတ် ၁၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ညီညွတ်ရေးပါတီ (Mon Unity Party)၏ အလံပုံစံ



မွန်ညီညွတ်ရေးပါတီ (Mon Unity Party)၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဆင်းပွဲ ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၁၆**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)က ကြီးမှူးဖွင့်လှစ်သည့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကွဲတောင်ရွာ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားများ၊ ၎င်းတို့၏မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားတာဝန်ရှိသူတစ်ဦးနှင့် သင်တန်းသားတစ်ဦးတို့က ကျေးဇူးတင်စကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးသင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် စံပြဆု၊သက်မွေးထူးချွန်ဆု၊အားကစားထူးချွန်ဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် သင်တန်းသားများက "အမွေခံဆိုး၏နောင်တ"သီချင်းနှင့်"ကြိုနေမယ်နှစ်သက်ဂေဟာ" သီချင်းများဖြင့်ဖျော်ဖြေခဲ့ကြပြီး တိုင်းမှူးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ဂေဟာတာဝန်ခံက လက်ခံရယူသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ၏ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့်ပြုလုပ်ထားရှိသော ပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို သင်တန်းသားဦးရေ ၃၀ ဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့ထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



မြစ်ကြီးနားမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ် ကျောင်းတိုက်များမှ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကံတော်ရာမဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၅၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပုလောမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် ဇနီး၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ကျန်းမာရေး တိုးတက်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးက မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင် အလှူငွေများ လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ဆေးကုသမှုခံယူနေသူ ဒေသခံပြည်သူများကို ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးစကား ပြောကြားစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၀၈၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များ၊ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

# မတ် ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

**နေပြည်တော် မတ် ၁၆**

မတ် ၁၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၅၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၇၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၅၉ ဦး |

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၁၇-၃-၂၀၂၃ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၄း၃၀ | ပြည်သူကြားက ပြည်သူ့စကား |
| ၃။ | ၁၅း၀၀ | :Jumping Music |
| ၄။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၂၂း၃၀ | Good Night Listeners |

# သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း) ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း)ကို ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သိန်းနီဟော်နန်းပြစ်မြောက်ရေးကော်မတီဦးဆောင်နာယက ဆရာတော်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက အဆိုပါသိန်းနီဟော်နန်းတော်သို့ သွားရောက်ကြည့်ရှုကြသည်။



ဦးစွာ တက်ရောက်လာကြသူများက ဆရာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဆရာတော်ကြီးများကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သိန်းနီဟော်နန်းပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆောင်ရွက်ခဲ့ရာ ဟော်နန်းပြန်လည်တည်ဆောက်မှုပူးပေါင်းဆောင်ရွက်ရေးကော်မတီမှ အဖွဲ့ဝင်များ၊ တာဝန်ခံအင်ဂျင်နီယာများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ဆရာတော်ကြီးများနှင့်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးတို့ သိန်းနီဟော်နန်းပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးစဉ်။**

ယင်းနောက် သိန်းနီဟော်နန်းပြစ်မြောက်ရေးကော်မတီဦးဆောင်နာယက ဆရာတော်ကြီးများ၊တိုင်းမှူးနှင့် အဖွဲ့ဝင်များက သိန်းနီဟော်နန်း ပြန်လည်တည်ဆောက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် သိန်းနီမြို့အဝင်ရှိ သိန်းနီနောင်ကန်တော်ကြီးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟော်နန်းတည်ဆောက်ရေးနှင့် သိန်းနီနောင်ကန်တော်ကြီးနှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့တွင် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူစုစုပေါင်း ၃၉၆၁၇ ဦးရှိ

**နေပြည်တော် မတ် ၁၆**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ကို ယနေ့ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုသူစုစုပေါင်း ၃၉၆၁၇ ဦးရှိကြောင်း သိရသည်။

ယနေ့တွင်နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၇၈ ခု စာစစ်ဌာန စုစုပေါင်း ၇၇၉ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ စုစုပေါင်း ၄၄၉၄၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

အခြေခံပညာဦးစီးဌာန ပူးတွဲ

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ပထဝီဝင် ရက်စွဲ၊ ၁၆ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၁ | ၅၈၂ | ၂၀၀၅ | ၃၃၈၇ | ၅၅၅ | ၂၁၄၇ | ၃၁၀၂ | ၂၇ | ၂၅၈ | ၂၈၅ | ၉၁.၅၉% | ၈.၄၁% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၁၇၂ | ၂၈၉ | ၄၆၁ | ၁၆၄ | ၂၅၇ | ၄၂၁ | ၈ | ၃၂ | ၄၀ | ၉၁.၃၂% | ၈.၆၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၂၂၅ | ၃၄၉ | ၅၇၄ | ၂၀၀ | ၂၈၃ | ၄၈၃ | ၂၅ | ၆၆ | ၉၁ | ၈၄.၁၅% | ၁၅.၈၅% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၄၂၇ | ၁၅၈၇ | ၂၀၁၄ | ၃၇၈ | ၁၂၈၄ | ၁၆၆၂ | ၄၉ | ၃၀၃ | ၃၅၂ | ၈၂.၅၂% | ၁၇.၄၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၀ | ၅၀ | ၈၂၂ | ၄၁၇၁ | ၄၉၉၃ | ၇၇၆ | ၃၅၆၃ | ၄၃၃၉ | ၄၆ | ၆၀၈ | ၆၅၄ | ၈၆.၉၀% | ၁၃.၁၀% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၅ | ၁၂၆ | ၂၅၄ | ၃၈၀ | ၁၁၄ | ၂၁၁ | ၃၂၅ | ၁၂ | ၄၃ | ၅၅ | ၈၅.၅၃% | ၁၄.၄၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၉ | ၁၉၅ | ၅၇၂ | ၇၆၇ | ၁၈၈ | ၄၈၀ | ၆၆၈ | ၇ | ၉၂ | ၉၉ | ၈၇.၀၉% | ၁၂.၉၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၀ | ၃၃၆ | ၈၄၁ | ၁၁၇၇ | ၃၁၄ | ၇၂၃ | ၁၀၃၇ | ၂၂ | ၁၁၈ | ၁၄၀ | ၈၈.၁၁% | ၁၁.၈၉% | |
| ၉ | မကွေး | ၇ | ၂၄ | ၄၈ | ၁၁၅ | ၁၉၃၉ | ၂၀၅၄ | ၁၁၂ | ၁၇၀၅ | ၁၈၁၇ | ၃ | ၂၃၄ | ၂၃၇ | ၈၈.၄၆% | ၁၁.၅၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၈၆ | ၂၆၀ | ၂၀၂၇ | ၂၂၈၇ | ၂၅၁ | ၁၈၀၇ | ၂၀၅၈ | ၉ | ၂၂၀ | ၂၂၉ | ၈၉.၉၉% | ၁၀.၀၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၇ | ၂၇၈ | ၃၇၉ | ၆၅၇ | ၂၆၅ | ၃၄၄ | ၆၀၉ | ၁၃ | ၃၅ | ၄၈ | ၉၂.၆၉% | ၇.၃၁% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၄၅ | ၂၃၁ | ၇၀၈၆ | ၇၃၁၇ | ၂၁၈ | ၆၁၇၁ | ၆၃၈၉ | ၁၃ | ၉၁၅ | ၉၂၈ | ၈၇.၃၂% | ၁၂.၆၈% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၆၉ | ၉၉ | ၂၁၅၆ | ၂၂၅၅ | ၉၅ | ၁၇၄၂ | ၁၈၃၇ | ၄ | ၄၁၄ | ၄၁၈ | ၈၁.၄၆% | ၁၈.၅၄% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၅၁ | ၄၂၄ | ၉၁၉ | ၁၃၄၃ | ၄၀၆ | ၇၇၅ | ၁၁၈၁ | ၁၈ | ၁၄၄ | ၁၆၂ | ၈၇.၉၄% | ၁၂.၀၆% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၁၉ | ၁၂၃ | ၃၃၈ | ၄၆၁ | ၁၁၁ | ၂၈၂ | ၃၉၃ | ၁၂ | ၅၆ | ၆၈ | ၈၅.၂၅% | ၁၄.၇၅% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၈ | ၈ | ၂၀ | ၁၂၀ | ၁၄၀ | ၁၉ | ၈၈ | ၁၀၇ | ၁ | ၃၂ | ၃၃ | ၇၆.၄၃% | ၂၃.၅၇% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၆ | ၆၁၄၂ | ၆၈၃၅ | ၁၂၉၇၇ | ၅၇၆၄ | ၅၉၃၀ | ၁၁၆၉၄ | ၃၇၈ | ၉၀၅ | ၁၂၈၃ | ၉၀.၁၁% | ၉.၈၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | | ၁၆၉၈ | ၁၆၉၈ | | ၁၄၉၃ | ၁၄၉၃ | ၀ | ၂၀၅ | ၂၀၅ | ၈၇.၉၃% | ၁၂.၀၇% | |
| ၁၉ | နိုင်ငံခြား | | | ၁ | | ၂ | ၂ | | ၂ | ၂ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၂ | ၃၀၅ | ၇၇၉ | ၁၀၅၇၇ | ၃၄၃၆၇ | ၄၄၉၄၄ | ၉၉၃၀ | ၂၉၆၈၇ | ၃၉၆၁၇ | ၆၄၇ | ၄၆၈၀ | ၅၃၂၇ | ၈၈.၁၅% | ၁၁.၈၅% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊၃၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊၄၊၅၊၆၊၇) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# လွိုင်ကော်ပင်မဓာတ်အားခွဲရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများကို အဆိုပါရုံး၌တွေ့ဆုံအမှာစကားပြောကြားပြီး ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဝန်ထမ်းများအားလုံးမိသားစုသဖွယ်စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးအလေးထားဆောင်ရွက်သွားရန်မှာကြားကာ ဝန်ထမ်းများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကယားပြည်နယ်အတွင်းရှိ ၁၃၂ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ လွိုင်ကော်ပင်မဓာတ်အားခွဲရုံသို့ သွားရောက်စစ်ဆေးရာ ခေတ္တခွဲရုံမှူးနှင့် တာဝန်ရှိသူများက ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ရန်၊လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များလစ်ဟင်းမှုမရှိစေရေး၊ လုံခြုံရေးအသိသတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။





ထို့နောက် ဒုတိယဝန်ကြီးသည် Switch Yard အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏အခြေအနေကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အရပ်သား တစ်ဦးသေဆုံး၊ အသက် ရှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ရေးမြို့နယ်၊ ကံလှကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်စဉ်ပြပုံ




**နေပြည်တော် မတ် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်သို့ ဆေးကုသရန်သွားရောက်သည့် မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် အပြစ်မဲ့ပြည်သူများ သေဆုံး၊ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်တွင် ရေးမြို့နယ် ကျောင်းရွာကျေးရွာနေ ဦးလွင်မိုးအေးသည် ၎င်း၏ညီမဖြစ်သူ မဇင်မိုးအေးနှင့် တူဖြစ်သူ မောင်အောင်ဇာနည်ဟိန်း ရှစ်နှစ်တို့နှင့်အတူ ရေးမြို့တွင် ဆေးကုသရန်အတွက် သွားရောက်စဉ် ကံလှကျေးရွာအနီးသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးလွင်မိုးအေးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အချင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မဇင်မိုးအေးနှင့် မောင်အောင်ဇာနည်ဟိန်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် မော်တော်ဆိုင်ကယ်များဖြင့် စုံပဒေါက်ကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် သေဆုံးသူ၏ရုပ်အလောင်းကို ရေးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာ နှစ်ဦးကို မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့သည့်အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စုံစမ်းဖော်ထုတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းလှရပ်ကွက်နေ ရဲနိုင်သည် ၎င်းအသုံးပြုသည့် "Ye Naing" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နေ ဇော်မျိုး(ခ)ချိုကြီးသည် ၎င်းအသုံးပြုသည့် "Zaw Myo ZM" Facebook အကောင့်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်နေ ရဲဇော်ထွေး(ခ) ဇော်ဇော်(ခ) ကိုတိုးသည် ၎င်းအသုံးပြုသည့် "Ye Zaw Mgy"Facebookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# တူရကီနိုင်ငံတွင် ရေကြီးမှုကြောင့် လူ ၁၄ ဦးသေဆုံးပြီး လူအများအပြားပျောက်ဆုံးနေ



**အင်ကာရာ မတ် ၁၆**

တူရကီနိုင်ငံအရှေ့တောင်ပိုင်းပြည်နယ်များတွင် မတ် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးမှုများကြောင့် လူ ၁၄ ဦးသေဆုံးပြီး လူအများအပြားပျောက်ဆုံးနေကြောင်း တူရကီသဘာဝဘေးအန္တရာယ်ဆိုင်ရာအာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ BBC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

တူရကီနိုင်ငံ မိုးလေဝသ ညွှန်ကြားမှုဦးစီးဌာနမှ ကိန်းဂဏန်းများအရ မတ် ၁၅ ရက်က ၂၄ နာရီအတွင်း မိုးရွာသွန်းမှုသည် Sanliurfa ပြည်နယ်တွင် ၁၀၄ ဒသမ ၅ မီလီမီတာ၊ Adiyaman ပြည်နယ်တွင် ၁၂၅ ဒသမ ၆ မီလီမီတာနှင့် Malatya ပြည်နယ်တွင် ၁၅၁ ဒသမ ၄ မီလီမီတာ ရွာသွန်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လက လျှင်လှုပ်ခတ်မှုကြောင့် ကွန်တိန်နာအိမ်များအတွင်းနေထိုင်ရသူတချို့ ယခုမိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာတွင် သေဆုံးခဲ့ရပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

Sanliurfa ပြည်နယ်အုပ်ချုပ်ရေးမှူး Salih Ayhan က ၎င်း၏ပြည်နယ်အတွင်း ဤကဲ့သို့ရေကြီးရေလျှံမှုမျိုးတစ်ခါမျှမကြုံဖူးကြောင်း ပြောကြားခဲ့ပြီး မြေညီထပ်သို့မဟုတ် မြေအောက်ခန်းများတွင်နေထိုင်သူများအနေဖြင့် ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် မော်တော်ယာဉ်များအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရန်ကြိုးစားသူများပါ ရေထဲမျောပါခဲ့ရကြောင်း လူမှုကွန်ရက်များတွင် ဖော်ပြခဲ့ပြီး ပျောက်ဆုံးနေသူများကို မီးသတ်သမားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တူရကီသမ္မတ အာဒိုဂန်သည် ရေဘေးသင့်ဒေသသို့ ပြည်ထဲရေးဝန်ကြီးကိုစေလွှတ်၍ ဖြေရှင်းဆောင်ရွက်စေလျက်ရှိပြီး အဆိုပါရေလွှမ်းမိုးမှုသည် ဖေဖော်ဝါရီလအတွင်းဖြစ်ပွားခဲ့သော ငလျင်ဘေးဖြစ်ပွားပြီးနောက် ငါးပတ်အကြာတွင် ထပ်မံပေါ်ပေါက်ခဲ့သော ကပ်ဘေးတစ်ခုဖြစ်ကြောင်း သိရသည်။

AZH

# မာလာဝီနိုင်ငံတွင် ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၂၀၀ ကျော်ထိမြင့်တက်လာ

**လီလောင်ဝီ မတ် ၁၆**

မာလာဝီနိုင်ငံတွင် မတ် ၁၃ ရက်က ဖရက်ဒီဟုအမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မတ် ၁၄ ရက်ထိ သေဆုံးသူ ၉၉ ဦးခန့်သာရှိခဲ့သော်လည်း မုန်တိုင်းအခြေအနေ ပိုမိုဆိုးရွားလာခဲ့ပြီးနောက် မတ် ၁၅ ရက်တွင် သေဆုံးသူဦးရေ ၂၀၀ ကျော်ထိ မြင့်တက်လာခဲ့ကြောင်း မာလာဝီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Africa News သတင်းဌာနက မတ် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုကျမှုများလည်းဖြစ်ပေါ်ခဲ့ခြင်းကြောင့် သေဆုံးသူ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ဘလန်တိုင်ရီမြို့တွင် လူနေအိမ်များအပြင် လမ်း၊ တံတားများလည်းပျက်စီးခဲ့ပြီး သေဆုံးသူအများစုမှာ ဘလန်တိုင်ရီမြို့ခံများဖြစ်ကြောင်း၊ ဘလန်တိုင်ရီဒေသခံအမြောက်အမြားကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားကြောင်း မာလာဝီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။



"မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရတဲ့မြင်ကွင်းတွေက ထိတ်လန့်စရာကောင်းပါတယ်။ မြေပြိုကျမှုတွေကြောင့် လမ်း၊ တံတားတွေလဲ ပျက်စီးခဲ့တယ်။ သေဆုံးသူအမြောက်အမြားလဲ ရှိနေတယ်။ ဒဏ်ရာရရှိသူတွေလဲ တော်တော်လေးများပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် နိုင်ငံတကာရဲ့အကူအညီကိုရယူနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားပေးပါမယ်"ဟု မာလာဝီနိုင်ငံဆိုင်ရာကုလသမဂ္ဂအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အက်တီရီက ပြောကြားခဲ့သည်။

ဖရက်ဒီမုန်တိုင်းကြောင့် မတ် ၁၅ ရက်ထိ ထိခိုက်ဒဏ်ရာရရှိသူ ၅၈၄ ဦးထိ မြင့်တက်ခဲ့ပြီး ပျောက်ဆုံးနေသူ ၃၇ ဦးရှိနေကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများကို ဘလန်တိုင်ရီမြို့ရှိ Queen Elizabeth Central Hospital သို့ ပို့ဆောင်ထားပြီး သေဆုံးသူများ၏ ရုပ်အလောင်းများကို သယ်ယူရန်အတွက် ဆေးရုံပြင်ပတွင်စောင့်နေသည့် မိသားစုဝင် အမြောက်အမြားရှိနေကြောင်း ဘလန်တိုင်ရီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

# အိန္ဒိယနိုင်ငံတွင် မိုးသီးမုန်တိုင်းကျရောက်မှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီး

**နယူးဒေလီ မတ် ၁၆**

အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်း၊ အနောက်ဘက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မတ် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးသီးမုန်တိုင်းကျရောက်မှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးမှုဖြစ်ပေါ်နေကြောင်း အိန္ဒိယမိုးလေဝသဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကောက်ပဲသီးနှံများရိတ်သိမ်းခါနီးတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးသီးမုန်တိုင်းကျရောက်မှုကြောင့် တောင်သူများ ကောက်ပဲသီးနှံများပျက်စီးမှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုကြောင့် ကောက်ပဲသီးနှံများ ရိတ်သိမ်းခြင်းကို အချိန်မီပြုလုပ်နိုင်ခြင်းမရှိပါက တောင်သူများအနေဖြင့် အရှုံးပေါ်လာနိုင်ကြောင်း သိရသည်။

"ဆောင်းရာသီ ကောက်ပဲသီးနှံတွေ ရိတ်သိမ်းရတော့မဲ့ကာလမှာ မိုးသည်းထန်စွာရွာသွန်းလာပြီး မိုးသီးမုန်တိုင်း ကျရောက်မှုကြောင့် ကောက်ပဲသီးနှံတွေ ပျက်စီးလာနိုင်တယ်။ အထူးသဖြင့် ဂျုံ၊ မုန်ညင်းစေ့နဲ့ ကုလားပဲတွေ ရိတ်သိမ်းရတော့မဲ့ကာလဖြစ်ပါတယ်။ မိုးသီးမုန်တိုင်းကြောင့် မုန်ညင်းစေ့ရိတ်သိမ်းကောက်ယူဖို့က တော်တော်လေးကိုခက်ခဲသွားတယ်။ မုန်ညင်းစေ့ထွက်ရှိမှုကျဆင်းသွားရင်တော့ စားသုံးဆီဈေးကွက်မှာ ဆီဈေးတွေ မြင့်တက်လာနိုင်တယ်"ဟု ILA Commodities India Pvt Ltd ကော်ပိုရေးရှင်းဒါရိုက်တာ ဟာရစ်ဂါလီပယ်လီက ပြောကြားခဲ့သည်။

လက်ရှိ အိန္ဒိယနိုင်ငံတွင် ဂျုံ၊ မုန်ညင်းစေ့နှင့် ကုလားပဲများ ရိတ်သိမ်းရမည့်ကာလဖြစ်ပြီး မိုးသီးများကြောင့် အလေအလွင့်များလာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ အထူးသဖြင့် မုန်ညင်းစေ့များ ရိတ်သိမ်းကောက်ယူရမည့်ကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးသီးများ ကျရောက်မှုကြောင့် မုန်ညင်းစေ့များ ရိတ်သိမ်းကောက်ယူနိုင်ခြင်းမရှိပါက ပြည်တွင်းစားသုံးဆီဈေးနှုန်း မြင့်တက်စေနိုင်ကြောင်း သိရသည်။ **နိုင်းဆက်**

# ရေဘေးပြန်လည်ထူထောင်ရေးနှင့် စွမ်းအင်လုံခြုံရေးကြိုးပမ်းမှုများ မြှင့်တင်ရန် အမေရိကန်နှင့် ပါကစ္စတန်သဘောတူ

**အစ္စလာမ်မာဘတ် မတ် ၁၆**

အမေရိကန်နိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့သည် ရေဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများ၊ စီးပွားရေးတိုးတက်မှုနှင့် စွမ်းအင်လုံခြုံရေး ကြိုးပမ်းမှုများတွင် မိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန် မတ် ၁၅ ရက်က အစ္စလာမ်မာဘတ်မြို့တွင် ကျင်းပပြုလုပ်သော အမေရိကန်စွမ်းအင်အရင်းအမြစ်ဗျူရိုဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့် ပါကစ္စတန်ဝန်ကြီးချုပ်တို့တွေ့ဆုံပွဲတွင် သဘောတူညီခဲ့ကြကြောင်း Radio Pakistan သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်စွမ်းအင်အရင်းအမြစ်ဗျူရိုဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Geoffery Pyatt နှင့် ပါကစ္စတန်ဝန်ကြီးချုပ် Shehbaz Sharif တို့သည် မတ် ၁၅ ရက်က အစ္စလာမ်မာဘတ်မြို့၌ ကျင်းပပြုလုပ်သော Energy Security Dialogue တွေ့ဆုံပွဲတွင် အဆိုပါသဘောတူညီချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် ရာသီဥတုဆိုင်ရာပြောင်းလဲမှုနယ်ပယ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပါကစ္စတန်ဝန်ကြီးချုပ်က ချီးကျူးခဲ့ပြီး အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီးကလည်း ပါကစ္စတန်၏ရေရှည်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မူဝါဒအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသဘောတူညီချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ပါကစ္စတန်နိုင်ငံကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပန်းတိုင်သို့ ရောက်ရှိအောင် အမေရိကန်နိုင်ငံက ကူညီမည်ဖြစ်သည့်အပြင် ပါကစ္စတန်နိုင်ငံ Sindh ဒေသရှိ ရေကြီးမှုဒဏ်ကြောင့် ပျက်စီးခဲ့သောလျှပ်စစ်ဓာတ်အားပေး အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ အသုံးပြုတည်ဆောက်သွားမည့်စီမံကိန်းအပါအဝင် Lahore တက္ကသိုလ်မှ လျှပ်စစ်မော်တော်ယာဉ်ဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီမှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

AZH

# ဆိုမာလီယာနိုင်ငံမှ မိုးခေါင်ရေရှားပါးမှုဖြင့် ရင်ဆိုင်နေရသူတချို့ ကင်ညာနိုင်ငံသို့ရွှေ့ပြောင်း

**မိုဂါဒစ်ရှူး မတ် ၁၆**

ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ကာလရှည်ရင်ဆိုင်နေရသည့် ပြည်သူသန်းနှင့်ချီ၍ရှိနေပြီး ဆိုမာလီယာနိုင်ငံမှ မိုးခေါင်ရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်နေရသော ပြည်သူတချို့ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ကင်ညာနိုင်ငံသို့ရွှေ့ပြောင်းနေထိုင်လာခဲ့ကြကြောင်း UNICEF က မတ် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆိုမာလီယာနိုင်ငံမှရွှေ့ပြောင်းလာသည့် ဒုက္ခသည်များသည် ကင်ညာနိုင်ငံ ဒါဒက်ဘ်မြို့ရှိ ဒုက္ခသည်စခန်းသို့ ရွှေ့ပြောင်းလာခဲ့ကြကြောင်း၊ သို့သော် ဒုက္ခသည်စခန်းတွင် အရွယ်မရောက်သေးသည့် ကလေးငယ်များအနေဖြင့် စားနပ်ရိက္ခာ မလုံလောက်သည့်ပြဿနာဖြင့်ရင်ဆိုင်နေရပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဒုက္ခသည်များကို ကူညီပံ့ပိုးမှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"ကင်ညာနိုင်ငံမှာလဲ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားပါးတဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့လဲ ကင်ညာနိုင်ငံထက်အခြေအနေဆိုးတဲ့ ဆိုမာလီယာနိုင်ငံက မိုးခေါင်ရေရှားပါးတဲ့ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရသူတွေ ကင်ညာနိုင်ငံကို ရွှေ့ပြောင်းလာကြတယ်။ ဆိုမာလီယာက ဒုက္ခသည်တွေကို ဒါဒက်ဘ်မြို့မှာရှိတဲ့ဒုက္ခသည်စခန်းမှာ နေရာချပေးထားပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းကလဲ လူသားချင်းစာနာထောက်ထားရေးအစီအစဉ်နဲ့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးနေပါတယ်"ဟု ကင်ညာအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ကူညီပံ့ပိုးမှုများပြုလုပ်ပေးနေသော်လည်း စားနပ်ရိက္ခာမလုံလောက်သည့် လူဦးရေများပြားသည့်အတွက် ထိရောက်သောကူညီပံ့ပိုးမှုမပြုလုပ်နိုင်ဘဲ နိုင်ငံတကာ၏အကူအညီကိုရယူသွားရန် စီစဉ်လျက်ရှိကြောင်း၊ ဆိုမာလီယာမှ ရွှေ့ပြောင်းလာသောဒုက္ခသည်များ အနက် ကျန်းမာရေးမကောင်းသူများကို ဒါဒက်ဘ်ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **နိုင်းဆက်**

0w Kv d @

# ဝမ်းတစ်ထွာ

မမလေး




(၁)

နံနက်ခင်းသည် နေရောင်ခြည်ပျောက်ဆုံး၍ ဝလာတစ်ခွင် မိုးသားတိမ်စိုင်ညိုများက နေရာယူနေသည်။ မည်သည့်အငြိုးဖြင့် ရွှေမိုးညိုရပါသနည်းဟု မေးခွန်းထုတ်လျှင် သဘာဝတရားကို လွန်ဆန်ရာရောက်ပေမည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီလည်ပတ်နေသည်မှာ နိယာမပင်။ မိုးရာသီဖြစ်သည့်အတွက် မိုးရွာခြင်းမှာ အဆန်းတော့မဟုတ်ပေ။ တစ်ရာသီစာကို အပိုင်စားရထားသည့်မိုးသည် သူရွာချင်သည့်အချိန် ရွာပိုင်ခွင့်ရှိသည်မှာလည်း ယိုးမယ်ဖွဲ့၍မရပေ။ ငါ့ဝမ်းပူဆာမနေသာသည့် ဦးသိန်းဆောင်သာ အဆင်သင့်ဖြစ်နေသည့်စက်လှေနှင့် ငါးဖမ်းပိုက်ကိုစိုက်ကြည့်၍ ဆေးပေါ့လိပ်ကို တရှိုက်မတ်မတ်သောက်နေမိသည်။ တိမ်စိုင်တိမ်မည်းများ နေရာဖြန့်ကြက်ယူလာလျှင် သူပြုံးမိပြန်၏။ သည်မိုးသည် လူကိုခြိမ်းခြောက်နေခြင်း။ သူသိသည်။ ထိုသို့တိမ်စိုင်တိမ်မည်းများ တလိမ့်လိမ့်ဖြန့်ကြက်လာလျှင် မကြာမီ လေထု၏ဖိုခွင်းခြင်းကို ခံရတော့မည်။ သို့ဆိုလျှင် ၎င်းတို့ တစ်စစီလွင့်ပြယ်၍ မိုးသည် ထင်ထားသမျှ သည်းတော့မည်မဟုတ်။ တံငါအလုပ်ဖြင့် ပင်လယ်ပြင်ကိုအရင်းပြုကာ နှစ်ရှည်လများလုပ်ကိုင်စားသောက်နေသည့်သူ့အတွက် မည်သည့်မိုးလေဝသမှမလို။ ကောင်းကင်ကိုတစ်ချက်ဝေ့ကြည့်ရုံဖြင့် ရာသီဥတုအခြေအနေကို အကဲခတ်နိုင်သည်မှာလည်း တံငါသည်များအတွက် လုပ်ငန်းအတွေ့အကြုံမှ သင်ကြားပေးသည့်ပညာရပ်တစ်ခုပါပေ။

(၂)

"ကိုသိန်းဆောင် သည်မိုးနဲ့ဖြစ်ပါ့မလား။ ရှင်နားချင်လဲ နားပေါ့တော်"

အပြင်အခြေအနေကိုအကဲခတ်၍ ဇနီးသည်က တွေးပူသည့်လေသံဖြင့် အကြမ်းရည်ပန်းကန်တစ်ခွက်သူ့နားလာချ၏။ ရာသီဥတုမကောင်း၍ မသွားပါနှင့်ဟူ၍ ပြတ်ပြတ်သားသားလည်းမတားပေ။ နားချင်နားပေါ့ဆိုသည့်စကားသည် သွားပါ့လားဟူသည့်စကားနှင့်ဆင်တူနေသည်ကို နှစ် ၂၀ ကျော်ပေါင်းသင်းလာသည့်သူ ကောင်းကောင်းသိပေသည်။ ဇနီးသည်ကိုလည်း အပြစ်မဆိုဝံ့ပါပေ။ အိမ်ထမင်းအိုးကိုသူရှာသည့် ငါး၊ ဖားရောင်းသည့်စရိတ်လေးနှင့် မပိုလျှံသည့်တိုင် ဖူလုံအောင်သုံးစွဲနိုင်သည်မှာလည်း ဇနီးသည်၏ ကျစ်လျစ်သိုသိပ်မှုရှိသော မီးဖိုချောင်ပညာကြောင့်ဖြစ်ပေသည်။ သူရှာဖွေလာသမျှ ငါး၊ ဖား၊ ပုစွန်တို့ကို ခေါင်းပေါ်တင်ရွက်ကာ ရွာစဉ်လှည့်ရောင်းရသည့် တာဝန်ကိုလည်း ဇနီးသည်မှာ ဆက်လက်ထမ်းဆောင်ရသည်။

"ကိုသိန်းဆောင် အကုသိုလ်များလွန်းတဲ့ တံငါလုပ်ငန်းကို ရှင်စွန့်ပစ်မှ ကျွန်မလက်ခံမှာ"

ဟိုတစ်ချိန်က ဖြူစွမျက်နှာထားလေးကို ယခု ငါးတောင်းခေါင်းရွက်၍ရပ်စုံ၊ ရွာစုံလှည့်လည်ရောင်းချနေသော ဇနီးသည်မျက်နှာနှင့် နှိုင်းယှဉ်ပြေးမြင်မိပြန်လျှင် ရင်ထဲမကောင်းဖြစ်ရပြန်ပေသည်။

(၃)

"အမေ သမီးဖိနပ်ပြတ်သွားပြီ။ နောက်နေ့ကျောင်းတက်ရင် စီးစရာမရှိတော့ဘူးနော်"

သမီးငယ်၏စကားကြားမှ လက်ထဲကငွေတစ်ထောင်ကျော်ကို မျက်နှာငယ်စွာကြည့်မိသည်။

"အမေ သမီးလွယ်အိတ်ကြီးက မရတော့ဘူးနော်။ ထပ်ချုပ်ရင်လဲ အပ်ချည်ဖြစ်တော့မယ်"

အငယ်မပြောလာသောအပူပင် မငြိမ်းသေးမီမှာပင် အကြီးမ၏ ထပ်ဆင့်စကားကြောင့် ငါးရှာထွက်ရန် ဒွိဟဖြစ်နေသော ကိုသိန်းဆောင်ဆုံးဖြတ်ချက်များ ခိုင်မာသွားရသည်။ လိုအပ်သည်များယူ၍ အိမ်ပေါ်မှ ဆင်းစဉ် ရေဒီယိုမှ အသံချိုချိုလေးသည် သတင်းဆိုးတစ်ခုကို ကြေညာနေ၏။

"မုန်တိုင်းအန္တရာယ်သတိပေးတားမြစ်ချက်"

ချိုသာသောအသံနှုန်းလေးနှင့်ကြေညာနေသော်လည်း မရီနားထဲ ယခုပင် ဆူနာမီတိုက်သည့်နှယ် ခံစားလိုက်ရသည်။

"ကိုသိန်းဆောင် မသွားပါနဲ့တော်။ ရာသီဥတုအခြေအနေလဲမကောင်းဘူး။ အခုပဲကြေညာနေပြီ"

မရီမှာ စိတ်ပူစွာပြောသော်လည်း-

"မိန်းမရာ ငါ တံငါသည်လုပ်လာတာ။ အခုမုန်တိုင်းသတင်းကြေညာနေတဲ့မိန်းကလေးရဲ့အသက်ထက်တောင်ကျော်နေပြီ။ စိတ်ချ မင်းယောက်ျားငါ ငါးတစ်ပိုက်နဲ့ ပြန်လာမယ်။ တောင်းပြင်ပြီးသာ စောင့်နေပေတော့"

ပြောပြောဆိုဆိုဖြင့် ထွက်သွားသော ကိုသိန်းဆောင် ကျောပြင်နှင့် တလိမ့်လိမ့်တက်လာသော တိမ်စိုင်ထုကြီးကိုမော်ကြည့်၍ တလှိုက်လှိုက်ဖြစ်နေသော မရီရင်ထဲမှ အပူစိုင်ခဲကြီးကို မည်သူမျှမမြင်နိုင်ခဲ့ပေ။

(၄)

"ဝေါ ဝေါ"

တစ်နေကုန်ငြိုးနေသောမိုးက နေကျချိန်နီးလာသောအခါ သူ့ချည်းမဟုတ် အဖော်လေပါခေါ်လာ၍ ထင်တိုင်းကြဲနေ၏။ အိမ်ပြန်လမ်းလေးကိုတမျှော်မျှော်ကြည့်နေရှာသော မရီမှာ ကိုသိန်းဆောင်အရိပ်ပင် မတွေ့ရသေး၍ ချိတုံချတုံဖြစ်နေ၏။ "ဒီအချိန်ဆို ကိုသိန်းဆောင်ပြန်လာနေကျပါ"ဟု စိတ်ထဲ၌လည်း တီးတိုးရေရွတ်မိနေပါသေးသည်။ ဘုရားကျောင်းဆောင်မှဆင်းတုတော်ကို ညှိုးနွမ်းသောမျက်နှာထားနှင့် အားကိုးတကြီးကြည့်မိပြန်ကာ လက်ဆယ်ဖြာမိုး၍-

"အရှင်ဘုရား ကိုသိန်းဆောင်ကို ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်ပေးတော်မူပါဘုရား"

နှုတ်မှ တီးတိုးရွတ်ဆိုလျက် ကိုသိန်းဆောင် အပြန်လမ်းလေးကို မျှော်ကြည့်ရပြန်ပါ၏။

"အမေ ထမင်းစားမယ်လေ"

အငယ်မခေါ်သံကြောင့် ထမင်းစားရန်သတိရလာပြီး အိမ်ဦးနတ်နေရာကွက်လပ်လေးဖြစ်နေသော ထမင်းဝိုင်းနှင့် ယခုအချိန်ဆို လေဒဏ်၊ မိုးဒဏ်နှင့် လုံးထွေးသတ်ပုတ်နေမည့် ကိုသိန်းဆောင် မျက်နှာကို နှိုင်းယှဉ်မြင်မိလျှင် နွေကန္တာရအလယ် ခြေဝလာဖြင့် ပြေးနေသူပမာ ဆောက်တည်ရာမဲ့ဖြစ်ရသည်။

"အငယ်မ လာ သမီးတို့အဖေနောက် လိုက်သွားရအောင်"

နှုတ်ကခေါ်စရှိသေးသော်လည်း လက်မှ မီးအိမ်ဆွဲ၍ အိမ်ပေါက်ဝရောက်နှင့်ပြီးဖြစ်နေလေ၏။

"အို. . . အမေကလဲ အချိန်ကိုလဲကြည့်ပါအုံး။ အပြင်မှာလဲ မိုးတွေ ဒီလောက်ရွာနေတာ မသွားပါနဲ့နော်။ အဖေပြန်လာမှာပါ အမေစိတ်အေးအေးထားနော်"

အကြီးမစကားကြောင့်လည်း မရီသည် ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်နှင့် အိမ်ပေါက်ဝတွင်ထိုင်ချ၍ လာရာလမ်းကိုသာငေးမျှော်နေ၏။ သို့သော် အမှောင်ထုတွင် မည်သည့်အရိပ်မျှ ထိုးဖောက်မလာခဲ့ပေ။

(၅)

နံနက်ခင်းသည် ညက အဖြစ်အပျက်များကို မေ့နေပြီထင်သည်။ လင်းအရုဏ်ထွန်းသည့်နေမင်းသည် ကြည်ရွှင်စွာထွက်လာခဲ့သည်။ မရီမှာဖြင့် မြစ်ဆိပ်သို့ သုတ်ခြေတင်ခဲ့ရသည်။ အလျား၊ အနံကျယ်ပြောသည့် မြစ်ရေပြင်သည် မရီ၏ ပူပင်သောကကို မသိလေရော့သလား။ ငြိမ့်ညောင်းစီးဆင်းနေသည်မှာ အေးချမ်းလှစွာ။

"ကိုသိန်းဆောင်ရေ ကိုသိန်းဆောင်"

မရှိမှန်းသိသော်လည်း မိမိခေါ်သံကို ကြားနိုးနိုးဆိုသည့်မျှော်လင့်ချက်လေးဖြင့် မရီခေါ်နေမိသည်။ ရေယဉ်တစ်ကြော မြင်ကွင်းတစ်ဆုံး ကျိုးကန်းတောင်းမှောက်ရှာဖွေသော်လည်း အရိပ်အယောင်ပင်မတွေ့။

"ကိုသိန်းဆောင်ရေ ဟီး ဟီး"

တင်းထားသည့်စိတ်သည် သေချာပါပြီဟူသော အတွေးတစ်ခု၏ထိုးနှက်မှုကြောင့် ချုံးပွဲချငိုချပစ်လိုက်သည်။

"အမေရယ် စိတ်ထိန်းပါအုံး။ အဖေ ဘာမှမဖြစ်လောက်ပါဘူး အမေရဲ့"

နှစ်သိမ့်အားပေးသော သမီးကြီး၏အသံမှာလည်း အက်ကွဲသံပါနေ၏။

"အမေ အခုလို ငိုနေတော့ သမီးလဲ ငိုချင်တာပေါ့။ ဟီး ဟီး"

အငယ်မလေးပါ ငိုနေသည့်အတွက် မရီသတိထားလိုက်ရသည်။ မျက်ရည်များကို ကပျာကယာသုတ်လိုက်သည်။

"မငိုနဲ့နော် သမီး။ သမီးတို့အဖေ ဘာမှမဖြစ်လောက်ပါဘူး။ လာ အမေတို့ လူကြီးအိမ်ကို အကျိုးအကြောင်းသွားပြောရအောင်"

သမီးနှစ်ယောက်ကို တစ်ယောက်တစ်ဖက်လက်ဆွဲ၍ ရွာပေါ်ပြန်ခဲ့သည်။

(၆)

"မရီရာ ခင်ဗျားတို့ကလဲ တယ်ခက်သကိုး။ တံငါလုပ်စားတာနှစ်ပေါင်းဆယ်ချီနေပြီ။ မုန်တိုင်းသတိပေးရင် ဘယ်လိုနေရမလဲဆိုတာ သိရဲ့သားနဲ့ဗျာ"

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီးရယ်။ ကျွန်မတို့ရဲ့ပေါ့ဆမှုတွေပါ။ ခွင့်လွှတ်ပေးပြီး ကျွန်မယောက်ျားကို ကူညီရှာပေးကြပါရှင့်။ အီး ဟီး ဟီး"

အက်ကွဲသံနောက်ကပ်ပါလာသော ချုံးပွဲချငိုရှိုက်သံကြောင့်-

"မငိုပါနဲ့ဗျာ ကျုပ်တို့ကူညီပါ့မယ်"

မျက်ရည်များ ကပျာကယာသုတ်လျက် အံကြိတ်၍ ခေါင်းကို တဆတ်ဆတ်ညိတ်ပြ၏။ သက်ဆိုင်ရာဌာနများနှင့်ဆက်သွယ်၍ ပင်လယ်ကြီးထံ ကိုသိန်းဆောင်ကို ရှာဖွေရန် လူအများဖြင့် ဦးတည်လာခဲ့သည်။

"အားလုံးပဲ လိုအပ်တာတွေပြင်ဆင်ပြီး အဆင်သင့်ပြင်ကြတော့"

ဦးဆောင်သူ၏စကားသံကြောင့် အားလုံးအဆင်သင့်ဖြစ်နေချိန် မရီရင်ထဲ၌ မုန်တိုင်းထန်လေပြီ။ သက်မဲ့သည့်ခန္ဓာကိုယ်ကို အဝတ်ဖြူအုပ်၍ မရီရှေ့မှောက်ရောက်လာခဲ့လျှင် ဆိုသည့်အတွေးမှာ လှုးလာဆန်ခတ်လျက် ရင်ထဲတွင် ဗလောင်ဆူနေ၏။ မြစ်အတွင်းသို့ လှေများစတင်ထွက်ခွာရန်ပြင်ဆင်ချိန်-

"ခဏလေးပါဗျ ခဏလေး"

အဝေးမှပြေးဝင်လာသောခေါ်သံကြောင့် အားလုံးရပ်တန့်ကုန်၏။ မြင်ကွင်းထဲသို့ပြေးဝင်လာသော လူတစ်ဦးကြောင့်လည်း အားလုံးအံ့အားသင့်သွားရ၏။ ထိုသူကား ဦးသိန်းဆောင်။

"ဟာ ကိုသိန်းဆောင်က ဒီမှာဘယ်လိုဖြစ်တာလဲဗျ"

"ဟုတ်ပါတယ်ဗျာ ကျုပ်က ဒီမှာပါ။ ညက ငါးဖမ်းမထွက်ခဲ့ရပါဘူးဗျာ"

မရီကိုတစ်လှည့်၊ ကိုသိန်းဆောင်ကိုတစ်လှည့်ကြည့်၍ ဖြစ်ပုံကို နားစွင့်ကြရပြန်၏။

"ကျုပ်မိန်းမကို ပင်လယ်ထွက်ငါးဖမ်းသွားမယ်ပြောတာအမှန်ပဲ။ ကျုပ်ကမ်းစပ်ရောက်တော့ သူငယ်ချင်း အောင်ဒင်နဲ့တွေ့တယ်။ သူက မုန်တိုင်းရှိလို့ ကျုပ်ကိုတားတယ်ဗျ။ ကျုပ်လဲ စားစရိတ်၊ အသုံးစရိတ်ရှိလို့ ထွက်သွားမယ်လုပ်တော့ ဟိုဘက်ရွာက သစ်စက်မှာ ညစောင့်လိုတယ်ဆိုလို့ ကျုပ်ကို အလုပ်ပြောပေးမယ်ဆိုတာနဲ့ လိုက်သွားတာဗျ။

စာမျက်နှာ ၂၅ သို့ ➤

# မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလထိ ကြက်သွန်နီတင်ပို့မှုမှ ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃၈၈ သန်းရရှိခဲ့



**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကြက်သွန်နီတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီလမှ ယခုနှစ် ဖေဖော်ဝါရီလထိ ၁၁ လတာကာလအတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃၈၈ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မိုးကြည်ထံမှ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ကြက်သွန်နီတင်ပို့နိုင်မှုမှာ မက်ထရစ်တန်ချိန် ၉၄၀၀၀ ကျော် ရှိခဲ့ပြီး ကြက်သွန်နီတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃၈၈ သန်း ရရှိခဲ့ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီလမှ ယခုနှစ် ဖေဖော်ဝါရီလထိ ၁၁ လတာကာလအတွင်း ပြည်ပနိုင်ငံတွေကို ကြက်သွန်နီတင်ပို့နိုင်မှုက မက်ထရစ်တန်ချိန် ၉၄၀၀၀ ကျော်ရှိခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃၈၈ သန်း ရရှိခဲ့ပါတယ်။ အဲဒီလိုတင်ပို့ရာမှာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ တင်ပို့နိုင်မှုကတော့ မက်ထရစ်တန်ချိန် ၂၃၀၀ နဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တင်ပို့နိုင်မှုကတော့ မက်ထရစ်တန်ချိန် ၉၁၇၀၀ ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံတွေကိုတင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ထိုင်း၊ တရုတ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို အများဆုံးတင်ပို့ထားတာဖြစ်ပါတယ်"ဟု ဦးအောင်မိုးကြည်က ပြောပြသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကြက်သွန်နီတင်ပို့ထားမှုမှာ ထိုင်း၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ အဓိကတင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာကြက်သွန်နီသည် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်ပြီး GAP စနစ် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးဆောင်ရွက်ရန် ရွေးချယ်ထားသည့် သီးနှံ ၁၄ မျိုးတွင်ပါဝင်ကြောင်း၊ ကြက်သွန်နီ အဓိကထွက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်စဉ်ပျှမ်းမျှ ကြက်သွန်နီစိုက်ဧက ၅၀၀၀၀ ခန့်ရှိပြီး ထွက်ရှိမှုမှ မျိုး၊ အလေအလွင့်၊ စားသုံးမှုနှုတ်ပါက တန်ချိန် ၃၀၀၀၀၀ ခန့်ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ASH

## မကွေးမြို့နယ် သံဘိုကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မကွေး မတ် ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးတင့်လွင်ဦး၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေရှည်သုံးစွဲနိုင်ရေး ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။



သံဘိုကန်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ကျပ် ၂၈ ဒသမ ၆၈ သန်းဖြင့် Global source ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြူလေး**

➤ စာမျက်နှာ ၂၄ မှအဆက်

ကျုပ် အခုပဲပြန်ရောက်တော့ သတင်းကြားကြားချင်း ဒီကိုလိုက်လာတာပါပဲဗျာ"

ဦးသိန်းဆောင်စကားကြားမှ အားလုံးသက်ပြင်းချမိသည်။

"တော်ပါသေးရဲ့ဗျာ။ ခင်ဗျားမိန်းမပြောပုံနဲ့ဆို ကျုပ်တို့က အဆုံးထိတွေးထားမိတာဗျ"

အုပ်ချုပ်ရေးမှူးစကားကြောင့် ဦးသိန်းဆောင်ပြုံးစိစိဖြစ်သွားရသည်။

"ဟုတ်ပါ့ဗျာ သိတဲ့အတိုင်းပဲ။ ကျုပ် ညကသာ မြစ်ထဲဆင်းမိရင် ဒီနေ့ကျုပ် ဒီကို အခုလို ပြန်လာနိုင်မှာမဟုတ်တော့ဘူးဗျ"

"သမုဒ္ဒရာဝမ်းတစ်ထွာဗျ။ ပြီးတော့ ခင်ဗျားက တစ်ထွာတည်းမဟုတ်ဘူး။ သားနဲ့၊ မယားနဲ့ နောက်တစ်ခါ အသက်အန္တရာယ်ထိခိုက်စေနိုင်တဲ့ အလုပ်မျိုးတော့ရှောင်ပေါ့ဗျာ။ ဖြစ်လာတော့ ကျုပ်တို့မှာလဲ ရပ်ဆွေရပ်မျိုးတွေဆိုတော့ ရင်တမမ။ ခင်ဗျားအမျိုးသမီးနဲ့ သမီးကိုလဲကြည့်ပါအုံး။ ကျုပ်ဆီလာကတည်းက ငိုနေကြတာ အခုထိ မတိတ်ကြသေးဘူး။ နောက်တစ်ခါ အန္တရာယ်ရှိကြောင်း ကြေညာထားရင် စည်းကမ်းလိုက်နာပေးပါဗျာ"

အုပ်ချုပ်ရေးမှူး၏ဆုံးမစကားကြောင့် ကိုသိန်းဆောင်ခေါင်းညိတ်၍ "ဟုတ်ကဲ့ပါဗျာ ကျုပ်နားလည်ပါပြီ။ နောက်ဆို အခုလို အများစိတ်ပူရမဲ့အလုပ်မျိုးကို မလုပ်တော့ပါဘူးဗျာ။ သတိပေးချက်တွေကိုလဲ လိုက်နာပါ့မယ်"

"ဟုတ်ပါပြီဗျာ အခုလိုနားလည်မှုရှိသွားတော့ အဆင်ပြေပြီပေါ့။ ကဲ. . . အားလုံးပြန်ကြတာပေါ့"

တစ်စတစ်စနှင့် မြစ်ဆိပ်၌ လူအုပ်ကြီးရှင်းလင်းသွားသည်။

"ကိုသိန်းဆောင် ကျုပ်ကို နောက်တစ်ခါစိတ်ပူအောင်မလုပ်ပါနဲ့နော်"

မျက်ရည်ခိုတွဲနေသော ဇနီးသည်ကိုကြည့်၍ -

"စိတ်ချပါမိန်းမရာ ကျုပ်မှာ ဝမ်းတစ်ထွာပဲရှိတာမဟုတ်ဘူး။ မိသားစုရဲ့ ဝမ်းနှစ်ထွာ၊ သုံးထွာမကရှိတာ။ ဟောဒီက မိန်းမနဲ့သမီးတွေအတွက် ကျုပ်ရှင်သန်နေအုံးမှာပါဗျာ"

ဦးသိန်းဆောင်စကားကြောင့် မိသားစုများ တစ်ဦးနှင့်တစ်ဦး ထွေးပွေ့ထားလိုက်ကြ၏။ ကောင်းကင်ကြီးမှာလည်း တိမ်ညိုတိမ်မည်းများ ကင်းစင်လျက် မြစ်ဘက်မှ ဖြတ်ပြေးတိုက်ခတ်လာသောလေများသည် ပျော်ရွှင်ဖွယ်မိသားစုရယ်သံလေးများကိုဆောင်ယူကာ အနီးဝန်းကျင်၌ ပျံ့နှံ့လျက်။

## လှိုင်းကြီးလေ့အောက်

- ပိုက်ကိုဆွဲငင် လှေကိုပြင်၍
  ငါလျှင်ငါးရှာ ထွက်ခဲ့ပြီ။

- ပင်လယ်အဝှံ့ဆိုင်း ရှစ်ခွင်မှိုင်း၍
  မုန်တိုင်းသည်းထန် လေဖောက်ပြန်သော်
  ရေဆန်စူးစူး လှေလူးလူးဖြင့်
  ကူးခပ်မလွယ် ဇာချွေးသွယ်လျက်
  ပင်လယ်ထဲမျော လှိုင်းလေကြောဝယ်
  လူမောလက်ပန်း ကျလေပြီ။

- ပင်လယ်မာန်မောက် ရာသီဖောက်လည်း
  လှေအောက်ဝမ်းဗိုက် လှိုင်းဦးခိုက်လျက်
  မှောင်မိုက်မည်းမည်း အားမာန်ခဲ၍
  ဇွဲသည်လက်နက် ယုံကြည်ချက်ဖြင့်
  လှော်တက်မြဲမြဲ ကြံ့ကြံ့ခံ၍
  လှိုင်းသံကြီးများ ငါ့ခွန်အားသို့
  စည်းဝါးနှယ်ပြောင်း ငါ့လက်မောင်းလည်း
  အားကောင်းအဖော် လှေကိုလှော်သော်
  စင်ရော်တေးဆို ကမ်းညိုညိုသည်
  ငါ့ကိုပွေ့ပိုက်ခဲ့လေပြီ။ ။

**အောင်ခိုင်(တောင်ကုတ်)**

## မြောက်ဦးမြို့နယ် မောင်သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြောက်ဦး မတ် ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မောင်သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဌမအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မောင်သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၂ ဦးကို ငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသန်း**

တိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ခရီးသွားဆောင်းပါး**

# လောက်ကိုင်မြို့တွင်း လေ့လာလည်ပတ်ခြင်း

**သက်နိုင်(ပြင်ဦးလွင်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တရုတ်-မြန်မာ နယ်စပ်လောက်ကိုင်မြို့ကို ရောက်ရှိနေတုန်း မြို့တွင်းမှာရှိတဲ့ လေ့လာသင့်၊ လေ့လာထိုက်တဲ့နေရာဒေသတွေကို ကြည့်ရှုလေ့လာကြရင်း ကုန်တိုက်ကြီးတစ်ခုရှိရာကို ရောက်လာကြတယ်။ ပြတိုက်နဲ့ကုန်တိုက်ကြီးက အလှမ်းမဝေးဘဲ ကွင်းပြင်ကွက်လပ်တစ်ခုသာ ခြားနေတယ်။ ကွင်းပြင်ကို ဖြတ်သန်းလာကြပြီး ကုန်တိုက်ထဲရောက်တော့ အောက်ထပ်တစ်ခုလုံးမှာ စားပွဲ၊ ကုလားထိုင်တွေ၊ ဗီရိုတွေ၊ ခုတင်တွေ စတဲ့အိမ်ထောင်ပရိဘောဂတွေ ပြသရောင်းချနေတာကို တွေ့ရတယ်။

အောက်ထပ်ကနေ ဒုတိယထပ်တက်ဖို့အတွက် စက်လှေကားတပ်ဆင်ထားတာကြောင့် စက်လှေကားအတိုင်း ဒုတိယထပ်ကို တက်ရောက်နိုင်ခဲ့ကြတယ်။ စက်လှေကားနဲ့ ဒုတိယထပ်ကိုတက်ရောက်နေရင်းနဲ့ မြန်မာနိုင်ငံအတွင်း မြို့တွေမှာရှိတဲ့ စက်လှေကားအများစုကတော့ အလှည့်ကျဓာတ်အားပေးစနစ်အရ မကြာခဏရပ်တန့်နေကြတယ်။ လောက်ကိုင်မြို့က စက်လှေကားတွေ၊ ဓာတ်လှေကားတွေကတော့ အချိန်မရွေး ၂၄ နာရီပတ်လုံး လှုပ်ရှားအသုံးပြုနေကြရတယ်ဆိုတာကို စဉ်းစားသိမြင်လိုက်မိတယ်။ လောက်ကိုင်မြို့ကိုရောက်တဲ့ညကတည်းက လျှပ်စစ်မီးအခြေအနေကိုမေးမြန်းစုံစမ်းကြည့်တော့ လောက်ကိုင်မြို့မှာ မီးမပျက်ကြောင်း တစ်မြို့လုံးရဲ့ လျှပ်စစ်မီးကို တရုတ်နိုင်ငံက ပေးပို့ဖြန့်ဖြူးပေးနေတာဖြစ်ကြောင်း သိထားလိုက်ရတယ်။

ကုန်တိုက်ကြီးရဲ့ ဒုတိယထပ်မှာ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနဲ့ စားသောက်ကုန်တွေရှိနေတယ်။ လိုချင်တဲ့ပစ္စည်းလေးတွေများရှိနိုင်မလားဆိုပြီး ဒုတိယထပ်တစ်ခုလုံးကို လှည့်လည်ကြည့်ရှုခဲ့ပေမဲ့ လိုချင်တာတွေရှိမနေတဲ့အပြင် ပစ္စည်းတွေအားလုံးရဲ့ဈေးနှုန်းတန်ဖိုးက မြင့်မားလွန်းနေတယ်။ ဥပမာအားဖြင့် သုံးပြည်လောက်သာပါဝင်တဲ့ ဆန်တစ်အိတ်ဈေးနှုန်းက မြန်မာငွေ ငါးသောင်းလောက်ဖြစ်နေတယ်။ အခြားပစ္စည်းတွေအားလုံးရဲ့ ဈေးနှုန်းတွေကလဲ မိမိတို့ဝယ်ယူအသုံးပြုနေတဲ့ ဈေးနှုန်းတွေနဲ့နှိုင်းယှဉ်လိုက်ရင် နှစ်ဆ၊ သုံးဆဖြစ်နေတာကိုပဲတွေ့ရတယ်။ လောက်ကိုင်မြို့မှာရှိနေတဲ့ ကုန်ပစ္စည်းတွေ၊ အစားအသောက်တွေက ဘာလို့ဒီလောက်ထိဈေးများနေရတာလဲဆိုပြီး အိမ်ရှင်ကျောင်းသားမိဘတွေကို မေးကြည့်တော့ နယ်စပ်ဒေသဖြစ်ပြီး ခရီးဝေးကွာနေတာကြောင့် သယ်ယူပို့ဆောင်စရိတ်မြင့်မားမှု၊ လူနေမှုအဆင့်အတန်းမြင့်မားမှုနဲ့အတူ ငွေရလွယ်မှု၊ တိုက်ခန်း၊ ဈေးဆိုင်ခန်းတွေရဲ့ ငှားရမ်းစရိတ်ကြီးမားမှုတွေကြောင့်ဆိုတာကို သိလိုက်ရတယ်။ ငွေရလွယ်မှုဆိုတာက လုပ်ခလစာတွေ အများအပြားရရှိကြတာကို ဆိုလိုတာပါ။ လောက်ကိုင်မြို့မှာရှိတဲ့ ကုမ္ပဏီတွေမှာ အလုပ်လုပ်ကြတဲ့သူတွေ လစာကောင်းကောင်း ရရှိကြပါတယ်။ မြန်မာစကားကိုကော ကိုးကန့် ဒါမှမဟုတ် တရုတ်စကားကိုပြောတတ်မယ်ဆိုရင်တော့ လစာပိုကောင်းကြပါတယ်။ ကိုးကန့်စကားနဲ့ တရုတ်စကားနဲ့က အပြောအဆို လေယူလေသိမ်းအနည်းငယ်ကွဲပြားနေပေမဲ့ အချင်းချင်း ပြောကြဆိုကြရင်တော့ နားလည်ကြတယ်။ မြန်မာစကားနဲ့ ဓနုတိုင်းရင်းသားဘာသာစကားလို ဖြစ်နေမှာပါ။ ဓနုမြို့၊ ဓနုရွာတွေကို မြန်မာတွေသွားရင် အခက်အခဲမရှိ စကားပြောဆိုနိုင်ကြတယ်။

တတိယအထပ်ကိုလဲ စက်လှေကားနဲ့ တက်ရောက်သွားကြရပြီး တတိယထပ်မှာလဲ အလှကုန်ပစ္စည်းတွေ၊ ကိုးကန့်ရိုးရာသုံး ကိုးကွယ်မှုဆိုင်ရာပစ္စည်းတွေကို တွေ့မြင်ကြရတယ်။ ကိုးကွယ်မှုဆိုင်ရာပစ္စည်းတွေအားလုံးက အနီရောင်တွေ၊ ရွှေရောင်တွေဖြစ်နေတာကြောင့် တတိယထပ်တစ်ဝက်နီးပါးက အနီရောင်၊ ရွှေရောင်တွေနဲ့ လွှမ်းခြုံနေတော့တယ်။ တတိယထပ်ကို ရောက်လာခဲ့ကြတဲ့ထိ ကုန်တိုက်ကြီးတစ်ခုလုံးရဲ့ ထူးခြားချက်က ဈေးဝယ်သူတစ်ဦးတစ်ယောက်မျှ မတွေ့မမြင် မရှိကြတာပါ။ တကယ်ဆို ကိုးကန့်ရိုးရာနှစ်သစ်ကူးအချိန်ကာလမှာ ကိုးကွယ်မှုဆိုင်ရာပစ္စည်းတွေကို တိုးဝှေ့ဝယ်ယူနေကြတဲ့ မြင်ကွင်းကိုတွေ့မြင်ကြရမှာဖြစ်ပေမဲ့ မတွေ့မမြင်ရဘဲ ရှင်းလင်းနေတာကြောင့်လဲ အံ့သြသွားခဲ့ရတယ်။ မြန်မာလူမျိုးတွေလိုမျိုး သီတင်းကျွတ်၊ သင်္ကြန်ပွဲတော်ရက်တွေအတွင်း ဈေးတွေ၊ ဆိုင်တွေမှာ စည်စည်ကားကား၊ အုတ်အုတ်ကျက်ကျက်ဝယ်ယူနေကြတာမျိုး မရှိကြပါဘူး။

ကုန်တိုက်ကြီးပေါ်ကနေ တရွေ့ရွေ့ ရွေ့လျားပေးနေတဲ့ စက်လှေကားတွေအတိုင်း ပြန်ဆင်းလာခဲ့ကြပြီး မုန့်ဈေးတန်းတစ်နေရာကို ရောက်လာကြတယ်။



လောက်ကိုင်မြို့တွင်းရှိ ကုန်တိုက်တစ်ခုကို တွေ့ရစဉ်

မုန့်ဈေးတန်းက လောင်းကစားဝိုင်းတွေနဲ့ ကုန်တိုက်ကြီးရဲ့ ကြားထဲမှာပါ။ မုန့်ဈေးတန်းရဲ့ထူးခြားချက်ကတော့ ရှေးခေတ်သုံးပုံစံတူ မော်တော်ယာဉ်တွေကို ဆိုင်အဖြစ်မွမ်းမံပြင်ဆင်ထားပြီး တန်းစီရောင်းချနေကြတယ်။ အများအားဖြင့် ရောင်းချနေကြတဲ့ စားသောက်စရာတွေက အသားကင်မျိုးစုံ၊ အသားကြော်မျိုးစုံ၊ ဟမ်ဘာကာလိုမုန့်မျိုးတွေနဲ့ ဖျော်ရည်အမျိုးမျိုးတွေပါ။ မုန့်ဆိုင်တန်းရဲ့ဆွဲဆောင်မှုက အစားအသောက်တွေမဟုတ်ဘဲ ရှေးခေတ်သုံးပုံစံတူ ယာဉ်အို၊ ယာဉ်ဟောင်းတွေဖြစ်နေတယ်။

မုန့်ဈေးတန်းရှေ့အနီးမှာ သစ်သီးဈေးတန်းရှိနေတယ်။ သစ်သီးတွေက မြို့တိုင်း၊ ဈေးတိုင်းမှာ တည်ခင်းရောင်းချနေကြတဲ့အတိုင်း အမျိုးစုံ၊ အရွယ်စုံ၊ အရောင်စုံ၊ ဈေးနှုန်းစုံတွေပါ။ သစ်သီးတန်းမှာတော့ ဈေးဝယ်နေကြသူတွေကို တွေ့မြင်နေရတယ်။ သစ်သီးတန်းကနေထွက်လာခဲ့ကြပြီး မြို့တွင်းလမ်းမကြီးတစ်လျှောက်မှာရှိနေတဲ့ ခံ့ခံ့ညားညားလှလှပပ အဆောက်အအုံကြီးတွေ၊ ဟိုတယ်၊ မိုတယ်ကြီးတွေ၊ အခြားစိတ်ဝင်စားဖွယ်နေရာတွေမှာ ဓာတ်ပုံတွေရိုက်ကြရင်း စကားတပြောပြောနဲ့ တရွေ့ရွေ့လျှောက်လှမ်းလာကြရင်း ထင်ထင်ရှားရှားနဲ့ မှတ်မှတ်ရရ အဆောက်အအုံကြီးတစ်ခုရဲ့အရှေ့ကို ရောက်လာကြတဲ့အခါမှ မိမိတို့ ကားရပ်နားထားခဲ့တဲ့နေရာကို သတိရသွားကြရတယ်။ ကားရပ်ထားခဲ့တဲ့နေရာက အဝေးကြီးမှာ ကျန်နေရစ်ပါပြီ။ ဒါကြောင့် နောက်ကြောင်းပြန်ပြီး လမ်းလျှောက်ခဲ့ကြရတယ်။ မှတ်မိနေတဲ့အဆောက်အအုံကြီးကိုတွေ့လိုက်မှ ကားရပ်ခဲ့တဲ့နေရာကို သတိရသွားကြသလို အဆောက်အအုံကြီးကိုလဲမတွေ့၊ မှတ်လဲမမှတ်မိကြဘူးဆိုရင် ဘယ်ထိဆက်ပြီး လမ်းလျှောက်ဓာတ်ပုံတွေရိုက်နေကြရအုံးမလဲဆိုတာ မခန့်မှန်းတတ်တော့ပါဘူး။ လောက်ကိုင်မြို့က အဲဒီလောက်ထိ ဓာတ်ပုံရိုက်ချင်စဖွယ်နေရာတွေ အများအပြားထူးထူးခြားခြားရှိနေသလို မိမိတို့ခရီးဖော်အဖွဲ့အနေနဲ့ကလဲ ဓာတ်ပုံရိုက်စရာကလွဲပြီး ဘာမှုမရှိကြတာကြောင့် စိတ်ဝင်စားစရာနေရာတွေအားလုံးကို တရွေ့ရွေ့နဲ့ လျှောက်လှမ်းဓာတ်ပုံတွေရိုက်ကြရင်း ကားနဲ့ဝေးသွားကြတာပါ။

လောက်ကိုင်မြို့တွင်းမှာ လှည့်ပတ်လေ့လာ ဓာတ်ပုံတွေရိုက်ယူအပြီး ကားရပ်ထားတဲ့နေရာကို ပြန်ရောက်ကြတော့ အနားမှာတွေ့နေရတဲ့လူတစ်ယောက်ကို လောက်ကိုင်မြို့မှာ အထင်ကရအဖြစ် ဘယ်နေရာတွေကို သွားရောက်လည်ပတ်လို့ရပါသလဲ၊ ဘယ်နေရာတွေရှိပါသလဲလို့ မေးမြန်းစုံစမ်းကြည့်တော့ "ဘယ်မှလဲ သွားစရာမရှိဘူး၊ ဘာမှလဲမရှိဘူး၊ လောက်ကိုင်မြို့က ဒါအကုန်ပဲ၊ သွားတဲ့နေရာတိုင်းမှာ ဖုန်တထောင်းထောင်းနဲ့ ဘယ်မှသွားချင်စရာမကောင်းဘူး"ဆိုပြီး ရယ်ရယ်မောမော ပြတ်ပြတ်သားသားပြောဆိုလိုက်တာကြောင့် ဒီနေ့တစ်ည လောက်ကိုင်မြို့မှာ ဆက်ပြီးမအိပ်ကြတော့ဘဲ လားရှိုးမြို့ထိ အရောက်မောင်းပြန်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီအချိန်ပြန်မယ်ဆိုရင် လားရှိုးမြို့ကို အချိန်မီဝင်ရောက်သွားနိုင်သလို နောက်နေ့ လားရှိုးမှာ အေးအေးဆေးဆေးလည်ပတ်ပြီးမှ ပြင်ဦးလွင်ကို သွားလို့ရနေတယ်။ အချိန်က မွန်းလွဲ ၂ နာရီသာရှိနေပါသေးတယ်။

အနားကလူပြောတဲ့အတိုင်း လောက်ကိုင်မြို့တွင်းမှာ ပြည့်ပြည့်စုံစုံလေ့လာလည်ပတ်ပြီးနေပါပြီ။ ဒါ့ပြင် သွားတဲ့နေရာတိုင်းမှာလဲ ဖုန်တထောင်းထောင်းနဲ့ ဖြစ်နေလို့ ဆက်လက်ပြီး မသွားချင်ကြတော့ပါဘူး။ လောက်ကိုင်မြို့က နတ်ဝှက်ထားတဲ့မြို့ဆိုတဲ့အတိုင်း အလွန်လှပကြီးကျယ်ခမ်းနားနေပေမဲ့ မြို့တစ်မြို့လုံး ဖုန်တွေထောင်းထောင်းထနေတာကလဲ တော်တော်ဆိုးပါတယ်။ ဖုန်တွေထနေတာက တစ်ခဏတာအတွင်း၊ နေရာအနည်းငယ်လောက်မှာသာမဟုတ်ဘဲ နေရာတိုင်းမှာ အချိန်ပြည့်ပါ။ ပြင်ဦးလွင်ကနေ မန္တလေးကို ဆင်းလာရင်း အုန်းချောရွာဝန်းကျင်မှာ အမြဲတစေဖုန်တွေထနေ၊ ပြည့်နေသလိုမျိုးဖြစ်နေတယ်။ ရွှေစာရံလမ်းခွဲ အုန်းချောရွာမှာ ထနေတဲ့ဖုန်တွေက နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပြီး ဘယ်အချိန်၊ ဘယ်ကာလရောက်မှပျောက်ကွယ်သွားကြမယ်ဆိုတာကို မသိနိုင်သေးသလို အခု လောက်ကိုင်မှာရှိတဲ့ ဖုန်တွေကလဲ ဘယ်အခါမှပျောက်မယ်ဆိုတာ မသိရသေးပါဘူး။

တည်းခိုနေတဲ့ ကျောင်းသားမိဘအိမ်ကို ပြန်လည်ရောက်ရှိလာကြပြီး စီစဉ်ဆုံးဖြတ်ထားတဲ့အတိုင်း လားရှိုးမြို့ရောက်အောင် ပြန်ကြတော့မယ်လို့ ပြောဆိုတဲ့အခါ မိဘတွေက လက်သင့်မခံကြဘဲ နောက်ထပ်တစ်ရက်၊ နှစ်ရက် ဆက်နေကြပါ။ လိုက်လံပို့ဆောင်ပေးစရာရှိတဲ့နေရာတွေကို မပို့ပေးရသေးကြောင်း၊ ပို့ပေးအုံးမှာဖြစ်ကြောင်း၊ ခဏနေရင် တရုတ်နိုင်ငံဝင်ပေါက်ရှိရာကို သွားကြမှာဖြစ်ကြောင်း စသဖြင့် တောင်းပန်ပြောဆိုကြတာကြောင့် လားရှိုးမြို့ကို မသွားဖြစ်တော့ဘဲ လောက်ကိုင်မြို့မှာ ဆက်လက်ညအိပ်ကြဖို့ သဘောတူလိုက်ရတယ်။ ကျောင်းသားမိဘအိမ်ကို ပြန်လည်ရောက်ရှိလာကြပြီး တစ်ခဏအတွင်း စကားပြော စီစဉ်နေကြစဉ်အတွင်းမှာ ဝက်သားကင်စားကြပါဆိုပြီး လာရောက်ချကျွေးနေတာကြောင့် မနက်တုန်းက မစားချင်တော့တဲ့ ဝက်သားကင်တွေကို ထပ်မံစားကြရပြန်တယ်။ ဒီတစ်ခါစားကြရတာက လောက်ကိုင်မြို့တွင်းမှာ သုံးနာရီလောက် လှည့်လည်လမ်းလျှောက်ပြီး ပြန်လာခဲ့ကြတာဖြစ်လို့ ဗိုက်ဆာဆာဝမ်းဟာဟာနဲ့ စားလို့ကောင်းနေပြန်သေးတော့တယ်။ ချက်ချင်းကင် ချက်ချင်းစား ပူပူနွေးနွေးဖြစ်နေတာကြောင့်လဲ ပိုပြီးစားကောင်းနေတယ်။

ကျောင်းသားမိဘအိမ်မှာ မနက်ကတည်းက တဖွဲဖွဲနဲ့လာရောက်စားသောက်နေကြတဲ့ ဧည့်သည်တွေ မရှိတော့သလို ဝက်နှစ်ကောင်ကလဲ မကျန်သလောက်ဖြစ်နေပြီထင်ပါတယ်။ ဧည့်သည်တွေက လက်ဆောင်အဖြစ်ယူဆောင်လာကြတဲ့ အရက်ဖာတွေ၊ ဘီယာဖာတွေ၊ ဖျော်ရည်ဘူးဖာတွေ၊ လိမ္မော်သီးနဲ့ မုန့်မျိုးစုံတွေက စားပွဲပေါ်တွေမှာ၊ စားပွဲအောက်တွေမှာ အပြည့်ဖြစ်နေတာကို တွေ့မြင်နေရတယ်။ မကြာခင်မှာ သွားရအောင်ဆိုတာကြောင့် KK (ကိုးကန့်)လိုင်စင်နံပါတ်တပ်ဆင်ထားတဲ့ ခေတ်မီဇိမ်ခံကားကြီးပေါ် တက်ရောက်လိုက်ပါသွားကြရတယ်။ ဘယ်ကိုသွားမလဲမေးကြည့်တော့ တရုတ်နိုင်ငံလို့ပြောပြတယ်။

ကျောင်းသားမိဘမောင်းနှင်လာတဲ့ကားက မိမိတို့သွားခဲ့ကြတဲ့ လောက်ကိုင်မြို့တွင်းရှိရာကို ဦးတည်မောင်းနှင်လာခြင်းမရှိဘဲ တစ်ခုသောလမ်းဆုံအဝိုင်းတစ်ခုမှာ မြို့ပြင်ဘက်ကို ထွက်ရှိလာခဲ့တယ်။ မြို့အပြင်ကိုရောက်ရှိလာတာနဲ့ လောက်ကိုင်မြို့တွင်းမြင်ကွင်းတွေနဲ့ တခြားစီဖြစ်သွားခဲ့ပါပြီ။ နေရာက လောက်ကိုင်မြို့နဲ့ တရုတ်နိုင်ငံ ဝင်ပေါက်ကြားနေရာပါ။ တရုတ်နိုင်ငံကိုသွားမယ်ဆိုရင် ဒီလမ်းကနေသွားရမှာဖြစ်ကြောင်း ကျောင်းသားမိဘကရှင်းပြတယ်။ လမ်းက ကတ္တရာခင်းလမ်းကျယ်ကြီးဖြစ်နေပေမဲ့ လမ်းပေါ်မှာ အသွားမရှိသလောက် နည်းပါးနေတယ်။ လမ်းဘေးတစ်လျှောက် ဘယ်ဘက်အခြမ်းမှာ အလွန်မြင့်မားတဲ့ တောင်တန်းကြီးတွေရှိနေကြတယ်။ လွန်ခဲ့တဲ့နှစ် အနည်းငယ်လောက်က တောင်တန်းကြီးတွေနဲ့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ စစ်ပွဲတွေ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့တယ်လို့လဲ ကျောင်းသားမိဘက ပြောပြတယ်။

မချိုမတွေ့ရတဲ့လမ်းမကြီးအတိုင်း နှစ်မိုင်လောက်မောင်းလာအပြီးမှာ တရုတ်-မြန်မာနယ်စပ်ဝင်ပေါက်နေရာအနီးကို ရောက်လာကြတယ်။ နယ်စပ်ဒေသကို ရောက်လာတာနဲ့ သိသာထင်ရှားတဲ့မြင်ကွင်းတွေက ကြီးမားတဲ့အဆောက်အအုံကြီးတွေ၊ တန်းစီနေတဲ့ ကြိုကားကြီးတွေနဲ့အတူ ဝင်ပေါက်ဂိတ်နေရာပါ။ ဝင်ပေါက်ဂိတ်အနီး လမ်းဘေးဝဲယာတစ်လျှောက်မှာရှိနေတဲ့ အဆောက်အအုံကြီးတွေကို အနီးကပ်လေ့လာမြင်တွေ့ရတော့ ဟိုတယ်၊ မိုတယ်ကြီးတွေ၊ ကုန်တိုက်ကြီးတွေဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါပေမဲ့ အဆောက်အအုံတိုင်းမှာ လူနေထိုင်မှုလုံးဝမရှိကြတော့ဘဲ အဆောက်အအုံတွေမှာလဲ ကျိုးပဲ့ပေါက်ပြဲပျက်စီးခဲ့ကြတာတွေကို တွေ့မြင်နေရတယ်။

ကျောင်းသားမိဘက ကားကိုဝင်ပေါက်ဂိတ်နဲ့ မလှမ်းမကမ်းနေရာမှာရပ်လိုက်ပြီး နယ်စပ်ဒေသဝန်းကျင်ကို လမ်းလျှောက်လေ့လာကြည့်ရှုကြရမှာပါ။ တရုတ်နိုင်ငံအတွင်း ဝင်ရောက်လေ့လာကြဖို့အတွက်ကိုလဲ သွားပြောလိုက်အုံးမယ်ဆိုပြီး ဂိတ်ရှိရာကို ကျောင်းသားမိဘက ထွက်သွားခဲ့တယ်။ လောက်ကိုင်မြို့အနီးက တရုတ်-မြန်မာနယ်စပ်ကိုတော့ ရောက်ရှိနေကြပါပြီ။ ဒီနေရာမှာ ရသလောက်ဆက်လက်လေ့လာလိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

## ဧရာဝတီတိုင်းဒေသကြီးတွင် အုန်းသီးတန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်းအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်နေ



**ရန်ကုန် မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီးတွင် အုန်းသီး တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်းအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ပင်လယ်ပြင်နှင့် နီးစပ်စွာရှိနေသဖြင့် အုန်းပင်များစိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး အုန်းခြံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ပင်မစီးပွားရေးလုပ်ငန်းအဖြစ် အများအပြားလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အုန်းခြံစိုက်ပျိုးရေးလုပ်ငန်းများကို ပင်လယ်ကမ်းခြေဒေသများတွင်သာမက ကုန်းတွင်းပိုင်းဒေသများတွင်လည်း အများအပြားလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အုန်းခြံလုပ်ငန်းများမှ ထွက်ရှိလာသည့် အုန်းသီးများကို အခွံခွာ၍ ရန်ကုန်မြို့ဈေးကွက်များသို့ တင်ပို့ရောင်းချပေးနေသကဲ့သို့ နေလှန်းကာ အုန်းသားခြောက်အဖြစ်လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် အုန်းခြံများမှ အုန်းသီးများကို ကုန်ပစ္စည်းတစ်ခုအနေဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့်အပြင် ဘေးထွက်ပစ္စည်းများဖြစ်သည့် အုန်းမှုတ်ခွက်များ၊ အုန်းခွံများမှာလည်း စွန့်ပစ်ပစ္စည်းများအဖြစ် အများအပြားရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် အုန်းသီးဘေးထွက်ပစ္စည်းများ လေလွင့်မှုမရှိစေရေးအတွက် အုန်းသီး တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACM-ECS)-ROK ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

(၃၃၆)

## မော်လိုက်မြို့၌ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**မော်လိုက် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမှ အသစ်ပြန်လည်ရွေးချယ်ထားသည့် ကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက မော်လိုက်ခရိုင်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာသိရှိရမည့် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ၊ ကျေးရွာတွင်ထားရှိရမည့် ငွေစာရင်းပုံစံ ၁၀ မျိုးကို အမျိုးအစားအလိုက်ဖြည့်သွင်းနည်း၊ ချေးငွေလျှောက်လွှာ၊ အတည်ပြုလွှာနှင့် စာချုပ်ဖြည့်သွင်းနည်း၊ အစည်းအဝေးမှတ်တမ်းရေးသားနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မော်လိုက်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လောင်းကောင်း၊ ညောင်ဝန်း၊ ညောင်သပြေကျေးရွာသုံးရွာမှ သင်တန်းသား ၁၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းထံမှ သိရသည်။ **ချစ်ဦးကို**

# ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲဝံ့ဇာနည် အောင်စစ်သည်** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **ဒီမိုကရေစီ နိုင်ငံသစ်ဆီ** — ဒုတိယဆု
ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း

၃။ **အောင်လံရွှေသို့ချီ** — တတိယဆု
ဖုန်းမြင့်(MMC)

၄။ **နိုင်ငံ့တပ်မတော်ရှေ့သို့ချီ** — စတုတ္ထဆု
ဇော်မျိုးထွန်း

၅။ **တပ်မတော်သားတို့တာဝန်** — ပဉ္စမဆု
မြင့်မိုရ်ဦး(သဇင်)

**စစ်သည်တေးသီချင်း**

၁။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပထမဆု
ဇာမဏီ

၂။ **တို့ရဲ့မြန်မာ့တပ်မတော်** — ဒုတိယဆု
ကျော်ဆွေအောင်

၃။ **တပ်မတော်နှင့်ပြည်သူ** — တတိယဆု
မြင့်မိုရ်ဦး(သဇင်)

၄။ **ဒို့များဂုဏ်ရည် သမိုင်းတွင်မည်** — စတုတ္ထဆု
မြင့်မြတ်ဦး(မြဝတီ)

၅။ **အလွမ်းရက်နွေ အပြုံးပန်းဝေ** — ပဉ္စမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

**ကဗျာ(ဝါသနာရှင်)**

၁။ **သားကောင်းသွေးသစ် ထုဆစ်ပုံနှိုင်း သမိုင်းလက်ဆင့်ကမ်း ပြည်ချစ်ပန်း** — ပထမဆု
သက်ဝေ

၂။ **သမိုင်းထင်ပေါ် တပ်မတော်** — ဒုတိယဆု
လုလင်(မှော်ဝန်းမြေ)

၃။ **ဖိုးမောင်တမ်းချင်း** — တတိယဆု
အန်ကယ်ပညာ

၄။ **နေသို့ထွန်းသည့်မော်ကွန်းလွှာ** — စတုတ္ထဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

၅။ **ပန်းမွေးသုံးထွေ ကြည်း၊ ရေ၊ လေ** — ပဉ္စမဆု
သဥ္ဇာညိုသင်း(လားရှိုး)

၆။ **နိုင်ငံ့အုတ်မြစ် မဏ္ဍိုင်အစစ် မျိုးချစ်ပြည်သူ့တပ်မတော်** — အထူးဆု(၁)
ကျော့ဝင်း(မိုးညှင်း)

၇။ **မရှိုင်းတဲ့သမိုင်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **သူရဲကောင်းများအစဉ်ထွန်းကားရာ သားကောင်းတို့ပျော် တပ်မတော်** — အထူးဆု(၃)
သောင်းငွေး(တောင်တွင်း)

**ကဗျာ(အလွတ်တန်း)**

၁။ **သူရဲကောင်းသစ္စာ** — ပထမဆု
ပုလောစိုးနဲ့သာ

၂။ **တပ်မတော်ဟူသည်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ကောင်းမြတ်စွမ်းရည် သန္နေတည်သည့် မြန်ပြည်မျက်ရှုပြည်သူ့တပ်မတော်** — တတိယဆု
ညောင်ရွှေခင်မောင်မြ

၄။ **မင်္ဂလာအဆင့်ဆင့်မြင့်မြတ်သောတပ်မတော်** — စတုတ္ထဆု
အမောင်

၅။ **မြင့်မြတ်ရွှေပြည်အောင်လံတည်၍ အောင်စည်အောင်နိမိတ် အောင်ရိပ်ထွန်းပေါ် အောင်တပ်မတော်** — ပဉ္စမဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

**ဝတ္ထုတို**

၁။ **သစ္စာစစ်သွေး လွယ်လင်လေးမော်ကွန်း** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **မြင့်မြတ်သောဂုဏ်ဖြစ်တို့ လွှမ်းပတ်ဖွဲ့တည်ရာ** — ဒုတိယဆု
နေဇင်(ပေါက်ခေါင်း)

၃။ **ပီတိလွှမ်းတဲ့နှလုံးသား** — တတိယဆု
နိုင်ဆွေ(ခရမ်း)

၄။ **ဂုဏ်ယူနေပါ ဖေဖေ** — စတုတ္ထဆု
ပင်မြင့်စံ(ရွှေဘို)

၅။ **ရေထက်ပို၍ချိုပါသည်** — ပဉ္စမဆု
မျိုးမြင့်ရန်နောင်

၆။ **ရဲရေးရောက်သော်** — အထူးဆု(၁)
ယိမ်းနွဲ့လျှံ

၇။ **မြူတိမ်ကင်းလို့ ဝင်းပစေ** — အထူးဆု(၂)
အမောင်

၈။ **သားကောင်းရင်ခွင်** — အထူးဆု(၃)
မသန်းလွင်(ဟဲဟိုး)

**ဝတ္ထုရှည်**

၁။ **ငါတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရှိသေပါမည်** — ပထမဆု
ရဲဘော်ထွန်းထွန်း(တနိုင်း)

၂။ **နေတစ်စင်း လတစ်စင်းရဲ့ကောင်းကင်** — ဒုတိယဆု
နွေကုံ့ကော်(မြို့လှ)

၃။ **နှလုံးသားကမ္ဘည်းထက်က အနုညာတတို့၏ ပါဒလေးများ** — တတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၄။ **တောပျော်ငှက်တို့ အိမ်အပြန်** — စတုတ္ထဆု
မောင်လူစိမ်း(ကျုံပျော်)

၅။ **နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်** — ပဉ္စမဆု
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၃ ရက် (တနင်္လာနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကွန်ဟိန်းမြို့နယ် ဆိုင်းမွန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကွန်ဟိန်း မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လိုက်ကမ်ကျေးရွာအုပ်စု ဆိုင်းမွန်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ဆိုင်းမွန်ကျေးရွာရှိ မြစိမ်းရောင်အသင်းသားအသင်းသူများနှင့်တွေ့ဆုံကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၂၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆိုင်းမွန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် သိန်း ၃၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ်သိန်း ၁၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆိုင်းမွန်ကျေးရွာနေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အသင်းသား၊ အသင်းသူများကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ချို့သန်းဥာဏ်**

## အင်းတော်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**အင်းတော် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အင်းတော်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောနိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက တာပေါလမ်းကျေးရွာနှင့် ဂျုံးဂျုံးကျကျေးရွာတို့၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဂျုံးဂျုံးကျကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၆ သန်းဖြင့် စကားဝါမြေကုမ္ပဏီကလည်းကောင်း၊ တာပေါလမ်းကျေးရွာ ကုန်ထုတ်လမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မ ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၉၂ ဒသမ ၀၆ သန်းဖြင့် မြတ်အောင်ချမ်းသာကုမ္ပဏီကလည်းကောင်း ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်ထုတ်လမ်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုကြောင့် ကျေးရွာနှစ်ရွာရှိ တောင်သူများ၏ လယ်ယာမြေဧက ၂၀၀၀ မှ ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာမဲ့ ချဲလ်ဆီး၊ အော့စ်ဘတ်၊ ဗယ်လ်ကာနိုအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်မှာတော့ ကြားရက်က ဥရောပပြိုင်ပွဲတွေကစားခဲ့ရတာကြောင့် ဒဏ်ရာရ ပွဲပယ်တွေနဲ့ ပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ ပြိုင်ပွဲတွေကို သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ အမှတ်ပေးပြိုင်ပွဲ ငါးခုမှာ လာလီဂါ၊ စီးရီးအေပဲ ထိပ်ဆုံးက အသင်းကြီးတွေ ရမှတ်ဖြတ်ဦးဆောင်နိုင်ပေမဲ့ ပရီးမီးယားလိဂ်၊ ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးပြိုင်ပွဲတွေဟာ ထိပ်ဆုံးကအသင်းနဲ့ ဒုတိယနေရာက အသင်းတွေ ရမှတ်ကွာဟမှု သိပ်မရှိတာကို တွေ့ရမှာပါ။ ဒါပေမဲ့ စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာ ခြေရည်တူအသင်းတွေပဲ ထိပ်တိုက်တွေ့ဆုံမှုများနေတာကြောင့် အဲဒီထဲက အိမ်ကွင်းအာသာချက်ရှိပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းတွေကိုပဲ ဆက်လက်အားပေးရမှာပါ။

## ချဲလ်ဆီးရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ချဲလ်ဆီးအသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ ဒဏ်ရာရကစားသမားတွေဖြစ်တဲ့ ဘန်ချီဝဲလ်၊ ဖိုဖန်နာတို့ ပြန်လည်ပါဝင်နိုင်ခဲ့လို့ ပြီးခဲ့တဲ့သုံးပွဲဆက်မှာ နိုင်ပွဲပြန်ရခဲ့ပြီး ကစားပုံတိုးတက်လာခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေထဲမှာ ဒေါ့မွန်အသင်းကို နှစ်ဂိုးပြတ်ကစားနိုင်ခဲ့လို့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ နည်းပြဂရာဟမ်ပေါ်တာရဲ့ ၃-၄-၃ ကစားကွက်မှာ ဗဟိုခံစစ်မှာ ဖိုဖန်နာနဲ့ ကွင်းလယ်မှာ ကစားရတဲ့ဘန်ချီဝဲလ်တို့ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ခံစစ်ပိုင်းတည်ငြိမ်လာသလို တိုက်စစ်ပိုင်းလဲ ဂိုးရဖို့အခွင့်အရေးတွေ ရှိလာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲစဉ် ၂၆ ပွဲကစားအပြီးမှာ ၁၀ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၇ မှတ်ပဲရရှိသေးတာကြောင့် အဆင့်(၁၀)နေရာမှာ ရှိနေတာဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ အခုရာသီအမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၄ ရှုံးရလဒ်နဲ့ အဆင့်(၁၅)မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစမှာ မက်နေးလ်၊ အိုနာနာ၊ မူပေး၊ ဂါနာဂီရီ၊ ဗင်နာဂရီတို့လို ကစားသမားတွေ ခေါ်ယူခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ ရလဒ်ဆိုးရွားခဲ့တာကြောင့် နည်းပြလမ်းပတ်နဲ့လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလမှာတော့ နည်းပြဒိုက်ချီကို နည်းပြသစ်ခန့်အပ်ခဲ့ပြီး ရမှတ်ရှာဖွေနိုင်ခဲ့တာကြောင့် တန်းဆင်းဇုန်ကလွတ်မြောက်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ တန်းဆင်းဇုန်နဲ့ ရမှတ် တစ်မှတ်ပဲ ကွာဟနေတာကြောင့် ဖိအားအောက် ကျရောက်နေဆဲဖြစ်ပါတယ်။ လက်ရှိအဲဗာတန်အသင်းဟာ တိုက်စစ်မှူး ဂေါ်ဒွန်ကို ရောင်းချခဲ့သလို ကယ်ဘက်လေဝင်လဲ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသေးတာကြောင့် တိုက်စစ်ပိုင်းပြဿနာနဲ့ ကြုံတွေ့နေရတာဖြစ်သလို ခံစစ်ပိုင်းကလဲ တိုက်စစ်ကောင်းတဲ့ အသင်းတွေဆို အမြဲတမ်းဂိုးပေးရလေ့ရှိပါတယ်။ အခုပွဲစဉ်ဟာ ပုံစံကောင်းရနေပြီး ကစားသမားစုဖွဲ့မှုသာတဲ့ ချဲလ်ဆီးအသင်းနဲ့တွေ့ဆုံချိန်မှာ အဲဗာတန်အသင်းခံစစ်ကြောင်း ဂိုးမပြတ်ဖို့အတွက်သာ အာရုံစိုက်ရမှာပါ။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ တိုက်စစ်ကောင်းလာတဲ့ ချဲလ်ဆီးပဲရလဒ်ကောင်းမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၀ | - | ၁ | ဆောက်သမ်တန် |
| စပါး | ၂ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၁ | - | ၀ | လိဒ် |
| ချဲလ်ဆီး | ၂ | - | ၀ | ဒေါ့မွန် |
| လက်စတာ | ၁ | - | ၃ | ချဲလ်ဆီး |

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၀ | လိဒ် |
| အဲဗာတန် | ၀ | - | ၂ | အေဗီလာ |
| အာဆင်နယ် | ၀ | - | ၄ | အဲဗာတန် |
| နော်တင်ဟမ် | ၂ | - | ၂ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၀ | ဘရန့်ဖို့ဒ် |

## အော့စ်ဘတ်အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အော့စ်ဘတ်နဲ့ ရှော်လ်ကေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံခဲ့စဉ်က အော့စ်ဘတ်အသင်းက နှစ်ဂိုးသုံးဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားခဲ့ပေမဲ့ အော့စ်ဘတ်အသင်းက တိုက်စစ်ပိုင်းပိုကောင်းခဲ့တာကြောင့် ဦးဆောင်ဂိုးတွေသွင်းယူနိုင်ပြီး နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအချိန်မှာတော့ အော့စ်ဘတ်အသင်းဟာ အမှတ်ပေးပွဲ ၂၄ ပွဲမှာ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၃ ပွဲရှုံးနဲ့ ရမှတ် ၂၇ မှတ်ပဲရခဲ့တာကြောင့် အဆင့်(၁၃)မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းအနိုင်ရခဲ့တဲ့ ရှစ်ပွဲမှာတော့ အိမ်ကွင်းမှာ ငါးပွဲပါဝင်ခဲ့ပြီး ကျန်သုံးပွဲကိုတော့ အဝေးကွင်းမှာဖြစ်တာကို တွေ့ရမှာပါ။ ဒ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာလဲ လေဗာကူဆင်၊ ဟော်ဖန်ဟိမ်း၊ ဝါဒါဘရီမင်တို့လို တိုက်စစ်ကောင်းတဲ့ အသင်းတွေကို အနိုင်ကစားနိုင်ခဲ့တာလဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဘိုင်ယန်မြူးနစ်ကို အဝေးကွင်းမှာကစားခဲ့ရပေမဲ့ တိုက်စစ်ပိုင်းက သွင်းဂိုးသုံးဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် အော့စ်ဘတ်ရဲ့ တိုက်စစ်ကစားပုံ တိုးတက်လာတယ်လို့ ဆိုရမှာပါ။ အခုပွဲစဉ်မှာတော့ ဒဏ်ရာရကစားသမားခုနစ်ယောက်ထိ ရှိနေပေမဲ့ အဓိကကစားသမားတွေ ပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ဘဲ အိမ်ကွင်းအားနဲ့ ပြိုင်ဘက်ရှော်လ်ကေးကို နိုင်ပွဲရှာနိုင်မှာသေချာပါတယ်။

အခုရာသီမှ တန်းတက်လာတဲ့ ရှော်လ်ကေးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲစလုံးရှုံးပွဲမရှိသေးပေမဲ့ လက်ရှိအမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲမှာ လေးပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၀ ပဲရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုနှစ်စပိုင်းကစလို့ တန်းမဆင်းရဖို့အတွက် အမှတ်ပေးပြိုင်ပွဲမှာ အစွမ်းကုန်ကြိုးစားနေတာကို တွေ့ရပေမဲ့ အခုနှစ်အတွင်း ကစားခဲ့တဲ့ အဝေးကွင်းလေးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပါတယ်။ လက်ရှိသူတို့အသင်းရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ တိုက်စစ်မှူး ဘူလ်တာက ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ တိုက်စစ်မှူး ပေါ်လ်တာ၊ ဒရက်စ်လာတို့လို အဓိကကစားသမားတွေအပါအဝင် ကစားသမား ၁၁ ယောက်ဒဏ်ရာရနေတာကလဲ သူတို့အသင်းအတွက် အားနည်းချက်ဖြစ်နေပါတယ်။ လက်ရှိမှာ အသင်းကြီးတွေကိုတောင် အနိုင်ယူထားတဲ့ အိမ်ရှင်အော့စ်ဘတ်နဲ့ တွေ့ချိန်မှာ ကစားကွက်ပိုင်းအားနည်းနေတဲ့ ရှော်လ်ကေးအသင်း ရှုံးကန်ရမှာဖြစ်လို့ အော့စ်ဘတ်အသင်းပဲ အနိုင်ရမှာပါ။

### အော့စ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၃ | - | ၁ | အော့စ်ဘတ် |
| အော့စ်ဘတ် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ဟာသာဘာလင် | ၂ | - | ၀ | အော့စ်ဘတ် |
| အော့စ်ဘတ် | ၂ | - | ၁ | ဝါဒါဘရီမင် |
| ဘိုင်ယန်မြူးနစ် | ၅ | - | ၃ | အော့စ်ဘတ် |

### ရှော်လ်ကေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှော်လ်ကေး | ၀ | - | ၀ | ဝုဖ်ဘတ် |
| ယူနီယံဘာလင် | ၀ | - | ၀ | ရှော်လ်ကေး |
| ရှော်လ်ကေး | ၂ | - | ၁ | စတုဂတ် |
| ဘိုချမ် | ၀ | - | ၂ | ရှော်လ်ကေး |
| ရှော်လ်ကေး | ၂ | - | ၂ | ဒေါ့မွန် |

## ဗယ်လ်ကာနိုကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗယ်လ်ကာနိုနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ဆဲလ်တာဗီဂိုကို သုံးဂိုးပြတ်ရှုံးခဲ့တဲ့ ဗယ်လ်ကာနိုဟာ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတာကြောင့် အခု အိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရှာရမှာပါ။ လက်ရှိအမှတ်ပေးဇယား အဆင့်(၇)မှာ ရပ်တည်နေတဲ့ ဗယ်လ်ကာနိုဟာ ရမှတ် ၃၅ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၆)က ဗီလာရီးရဲလ်နဲ့ ရမှတ်သုံးမှတ်ပဲ ကွာဟနေလို့ ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ အခုပွဲစဉ်ကို ရှုံးခဲ့ရင်တော့ အမှတ်ပေးဇယားအဆင့်(၉)ထိဆင်းရမှာဖြစ်တာကြောင့် လက်ရှိအိမ်ကွင်းပွဲစဉ်ဟာ သူတို့အသင်းအတွက် အရေးကြီးနေတာလဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုဟာ အခုရာသီ အိမ်ကွင်း ၁၂ ပွဲမှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးနိမ့်ခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ ဆိုစီဒက်၊ ဘက်တစ်၊ မာယော့ကာတို့ဖြစ်တာကို တွေ့ရမှာပါ။ အဲဒီအိမ်ကွင်း ၁၂ ပွဲမှာတော့ တိုက်စစ်က ၁၆ ဂိုးထိရရှိခဲ့ပြီး ခံစစ်က ၁၂ ဂိုးပေးခဲ့ရတာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်လေ့ရှိသလို အိမ်ကွင်းပွဲစဉ်တွေမှာ ခံစစ်အားပြုကစားလာပြီး ပြိုင်ဘက်ရဲ့အားနည်းချက်ကို ရှာဖွေအနိုင်ယူနေတာလဲ ဖြစ်ပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ထားတဲ့ ဂျီရိုနာအသင်းဟာ အဝေးကွင်းရလဒ်ပိုင်းကောင်းဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအဝေးကွင်း ၁၂ ပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ်ကိုးမှတ်ပဲ ရယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၂၁ ဂိုးထိရှိခဲ့ပါတယ်။ လက်ရှိအမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲအပြီးမှာ ရမှတ် ၃၀ နဲ့ အဆင့်(၁၂)မှာရပ်တည်နေပေမဲ့ အခုပွဲစဉ်ကို ရှုံးခဲ့ရင်တော့ အဆင့်(၁၄)ထိ ကျဆင်းသွားမှာကိုတွေ့ရမှာပါ။ သူတို့အသင်းရဲ့ တိုက်စစ်ပိုင်းကိုတော့ စတူအာနီက ဦးဆောင်နေပြီး သွင်းဂိုးခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးရဖို့ရုန်းကန်နေရတာလဲဖြစ်ပါတယ်။ လက်ရှိ နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းကွာခြားမှုမရှိပေမဲ့ ဗယ်လ်ကာနိုဟာ အိမ်ကွင်းမာကျောတဲ့ အသင်းဖြစ်တာကြောင့် အဝေးကွင်းပေးဂိုးများနေတဲ့ ဂျီရိုနာ ခံစစ်ပိုင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရှာရမဲ့ ဗယ်လ်ကာနိုကိုပဲ ရွေးချယ်ရမှာပါ။

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၁ | ဆီဗီလာ |
| ကာဒီဇက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၀ | - | ၀ | ဘီလ်ဘာအို |
| ဆယ်တာဗီဂို | ၃ | - | ၀ | ဗယ်လ်ကာနို |

### ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၂ | - | ၀ | ဂျီရိုနာ |
| ဂျီရိုနာ | ၆ | - | ၂ | အယ်မာရီယာ |
| ဘီလ်ဘာအို | ၂ | - | ၃ | ဂျီရိုနာ |
| ဂီတာဖေး | ၃ | - | ၂ | ဂျီရိုနာ |
| ဂျီရိုနာ | ၀ | - | ၁ | အေတီကို |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်အသေးစား၊ အလယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မီးရှို့၊ သတ်ဖြတ်၊ ချိုးဖောက်၊ လုယက်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရတနာပုံအက်ဖ်စီအသင်းက ဒဂုံစတားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၁၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရတနာပုံအက်ဖ်စီအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဒဂုံစတားအသင်း၏ အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့မှုကြောင့် နှစ်သင်းစလုံး ဂိုးသွင်းခွင့်အနည်းငယ်သာရရှိခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**



ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် အင်ဖန်တီနို နောက်ထပ် လေးနှစ် တာဝန်ထမ်းဆောင်မည်

စာမျက်နှာ - ၈

## အမှိုက်ကစပြီး ပြဿနာကို မီးမလောင်ပါစေနဲ့

ဆောင်းပါး စာမျက်နှာ - ၄

